# ALL NATIONS GOSPEL PUBLISHERS



Copyright ANGP

www.angp-hb.co.za

info@angp.co.za

***BURMESE Heart Book***

# လူ၏စိတ်နှလုံး

## ဦးတင်မောင်ထွန်း


ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၃၁၂)

ပထမအကြိမ်

၁၉၈၄-ခု၊ ဧပြီလ
အုပ်ရေ ၃၅၀၀

ဓမ္မဒါန

**ပုံနှိပ်သူ**
ဒေါ်ခင်အုန်းမြင့် (၀၂၄၇၂)၊ ရတနာအောင်ပုံနှိပ်တိုက်၊
အမှတ် ၂၅၁၊ ဘားလမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးတင်မောင်ထွန်း၊ ကင်းလွတ်ခွင့်အမှတ် (၂၄)
အမှတ် ၂၊ ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်း၊ ရန်ကုန်မြို့။



**COPYRIGHT**



**ISBN 0 - 947052 - 12 - 7**



E-MAIL: info@angp.co.za



**ALL NATIONS GOSPEL PUBLISHERS**
**P.O. Box 2191, PRETORIA, 0001, R.S.A.**
(A Gospel Literature Mission financed by donations)
(Reg. No. 1961/001798/08)

# The Heart of Man

or

## The Spiritual Heart Mirror

# လူ၏စိတ်နှလုံး

### လူ၏စိတ်နှလုံး (သို့) ဝိညာဉ်နှလုံးသား ကြေးမုံ

ဤစာအုပ်ငယ်နှင့်အတူ သရုပ်ဖော်ထားသော ပုံများသည် ပြင်သစ်နိုင်ငံတွင် ၁၇၃၂ ခုနှစ်၌ စတင်ပေါ်ပေါက်လာပါသည်။ ဤစာအုပ်ငယ်ကို ဝိညာဉ်နှလုံးသား ကြေးမုံ (သို့)နှလုံးသားစာအုပ်ဟု အများသိကြပါသည်။ စာအုပ်ငယ်တွင် ဖော်ပြထားသည့် သမ္မာကျမ်းစာမှ လေးနက်သော အမှန်တရားများ၏ တန်ဖိုးကြောင့် ဥရောပတိုက်ရှိ နိုင်ငံတိုင်းမှ ဘာသာစကားများ အပြင်အာဖရိကတိုက်ရှိ နိုင်ငံများ၏ ဘာသာစကားများဖြင့်လည်းပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးခဲ့ရပါသည်၊ ဤစာအုပ်ငယ်ကို အဆင့်အတန်းမခွဲ၊ အသူဝါဒမရွေး၊ ယနေ့တိုင် ဖတ်ရှုလေ့လာလျက်ရှိပြီး၊ ယနေ့တိုင် ဖြန့်ဖြူးနေရဆဲ ဖြစ်ပါသည်။

ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားပြီး ဓမ္မသစ်ကျမ်းတွင် ပြည့်စုံခဲ့သည့် ဘုရားရှင် မိန့်တော်မူခဲ့သော "စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်" (ယေဇကျေလ ၃၆း၂၆၊ ဟေဗြဲ၊ ၈း၁၀)ဆိုသည့် ဂတိတော်ကို လူအများက ကိုယ်တွေ့ခံစားရလျက် ရှိပါသည်။

ဂျေအာရ်ဂတ်ရှ်ဝင်။

ဒုစရိုက်ကို ပြုသောသူ မည်သည်ကား၊ ပညတ်တော်ကို လွန်ကျူး၏။ ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း ဖြစ်သတည်း။

Copyright ANGP

ကိုယ်တော်သည် ငါတို့၏အပြစ်များကို ဆောင်သွားခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်း အပြစ်မရှိ။

ကိုယ်တော်၌ တည်သောသူ မည်သည်ကား ဒုစရိုက်ကို မပြုတတ်၊ ဒုစရိုက်ကို ပြုသောသူ မည်သည်ကား ကိုယ်တော်ကို မသိမမြင်ရသေး။

ချစ်သားတို့ သင်တို့ကို အဘယ်သူကမျှ မလှည့်ဖြားစေနှင့်။ အကြင်သူသည် ဖြောင့်မတ်ခြင်းတရားကို ကျင့်၏။ ကိုယ်တော်ဖြောင့်မတ်တော်မူသည် နည်းတူ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။

မာရ်နတ်သည် ရှေးဦးစွာမှစ၍ ဒုစရိုက်ကို ပြုသောသူဖြစ်သောကြောင့် အကြင်သူသည် ဒုစရိုက်ကိုပြု၏။ ထိုသူသည် မာရ်နတ်နှင့် ဆိုင်၏။ မာရ်နတ်၏အမှုတို့ကို ဖျက်ခြင်းငှာ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။

ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ အကြောင်းမူကား ထိုသူ၌ မျိုးစေ့တော်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက်ကို မပြုနိုင်။

ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင်၏ သားတို့နှင့် မာရ်နတ်၏ သားတို့သည် ထင်ရှားကြ၏။

ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူ မည်သည်ကား ဘုရားသခင်နှင့် မဆိုင်။

Copyright ANCP

# လူ၏စိတ်နှလုံး

"ဘုရားသခင်၏ ဗိမာန်တော်လား (သို့မဟုတ်) စာတန်၏ အလုပ်ရုံလား" (၁ ယော၊ ၃း၄-၁၀)။ ဤစာအုပ်ကို ဖတ်ရှုနေစဉ်တွင် စိတ်ထဲမှာ မှတ်ထားရမည့် အချက်ကား မိမိကိုယ်ကို မိမိတွေ့မြင်နိုင်သည့် ကြည့်မှန် ကြေးမုံပြင်တခုကဲ့သို့ ဖြစ်ကြောင်း နားလည်ထားရပါမည်။ မိတ်ဆွေဟာ ရုပ်တုဆင်းတုကို ကိုးကွယ်သောသူဖြစ်စေ၊ ခရစ်ယာန်တဦး ဖြစ်စေ၊ မယုံကြည်သောသူ ဖြစ်စေ၊ ဘုရားသခင်ထံမှ ဝေးနေသော ခရစ်ယာန်တဦးဖြစ်စေ၊ သင့်ကို ဘုရားရှင်မြင်သည့်အတိုင်း ကိုယ့်ကိုကိုယ် မြင်လာပါလိမ့်မည်။

"လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးသားကို ကြည့်ရှုတတ်သည်။ ယာဝရဘုရားသည် လူမျက်နှာကို မထောက်" (၁၇၁၊ ၁၆း၇)။

စာတန်သည် မုသား၏ အဘဖြစ်သည်။ မှောင်မိုက်တန်ခိုးကို အစိုးရသော မင်းနှင့် ဤလောက၏ ဘုရားလည်းဖြစ်ပြီး လူယောကျာ်း၊ လူမိန်းမတို့ကို လှည့်ဖြားရန် မိမိကိုယ်ကို အလင်း၏ ကောင်းကင်တမန် ပုံသဏ္ဌာန်ကို ဆောင်တတ်၏။ ရှေးအခါကကဲ့သို့ ယခုနေ့ရက်ကာလတို့၌ ခရစ်တော်၏ တမန်တော်များ အယောင်ဆောင်တတ်သော တမန်တော် အတုအယောင်များနှင့် လှည့်ဖြားသောသူ အများရှိကြ၏။ ဤအရာသည် အံ့သြစရာမဟုတ်ပါ။ အကြောင်းမူကား စာတန်ကိုယ်တိုင်ပင်လျှင် အလင်း၏ ကောင်းကင်တမန်ကဲ့သို့ အယောင်ဆောင်လာတတ်သည်။ (၂ ကော၊ ၁၁း၁၃၊ ၁၄)

Copyright ANGP

ဤလောက၏ ဘုရားဖြစ်သော စာတန်သည် လူတို့၏ ဉာဏ်မျက်စိကို လည်းကောင်း၊ စိတ်နှလုံးကို လည်းကောင်း ဖုံးကွယ်စေပြီး၊ စိတ်နှလုံးကို မိုက်မဲစေသောကြောင့် ၎င်းတို့သည် ဘုရားသခင်၏ မေတ္တာတော်နှင့် ယေရှုခရစ်တော်သည် ၎င်းတို့ကို ကယ်ရန် အသေခံခဲ့ကြောင်းများကို မသိနိုင်ကြတော့ပါ။ အပြစ်သားများနှင့်တကွ မယုံကြည်သူအားလုံးသည် ဝိညာဉ်သေလျက်ရှိပြီး ဘုရားနှင့်ဆိုင်သော အရာများ၌ မျက်စိကန်းကဲ့သို့ ဖြစ်နေပါသည်။

ဤလောက ဘုရားရဲ့ ဝိညာဉ်ဟာ ၎င်းတို့ကို အုပ်စိုးလျက်ရှိပါတယ်။ (ဧ၊ ၂း၂)။ ၎င်းတို့၏ ဉာဏ်မျက်စိများသည် ပွင့်လာပြီး မိမိတို့ရဲ့ ပျောက်ဆုံးနေတဲ့ အခြေအနေမှန်ကို သိလာနိုင်မှသာ ၎င်းတို့ဟာ တရှိန်ထိုးသွားနေသည့် ထာဝရပျက်စီးခြင်းမှ လွတ်မြောက်နိုင်ပါမယ်။ "ကိုယ်အပြစ်မရှိ"ဟု ပြောဆိုနေသူသည် မိမိကိုယ်ကို လှည့်ဖြားနေသူဖြစ်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှာ ဘုရားသခင်၏ သားတော်သည် ထင်ရှား ပေါ်ထွန်းတော်မူ၏ (၁ ယော၊ ၃း၈)။ "ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြလော့၊ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည် (ယာ၊ ၄း၇၊ ၈)။

ဒီစာအုပ်ကို ဖတ်ပြီး၊ ရုပ်ပုံများကိုလည်း လေ့လာပါက မိတ်ဆွေဟာ မိမိရဲ့နှလုံးသားကို မြင်တွေ့လာနိုင်ပါလိမ့်မယ်။

ဘုရားသခင်၏ စစ်ကြောစီရင်ခြင်းကို ခံခြင်းအားဖြင့်မိတ်ဆွေရဲ့ နှလုံးသား အခြေအနေကို သိနားလည်ပါ။ မိမိရဲ့အပြစ်များကို သိရှိပြီး ဖော်ပြ၍ ဝန်ခံပါ။ မိမိ၌ အပြစ်ရှိကြောင်း မငြင်းပါနှင့်။ ဘုရားရှင်ရဲ့ သမ္မာကျမ်းစာက "ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။

(၁ ယော၊ ၁း၉၊ ၇)

မိတ်ဆွေကိုစာတန် သို့မဟုတ် ဘုရားသခင် တဦး ဦးသာ အုပ်စိုးနိုင်ပါတယ်။ မိတ်ဆွေဟာ အပြစ်ရဲ့ကျေးကျွန် သို့မဟုတ် ဘုရားသခင်ရဲ့ အစေခံ ကျွန်တယောက်သာ ဖြစ်နိုင်ပါတယ်။ အပြစ်တရားဟာ မိတ်ဆွေရဲ့ အသက်တာကို အုပ်စိုးနေပါက မငြင်းဆန်ပါနဲ့။ ဘုရားသခင်ထံ အော်ဟစ်ပါ။ အပြစ်သားများကို ကယ်တင်ရန် ဤလောကသို့ ကြွလာ၍၊ စာတန်နဲ့ အပြစ်တရားရဲ့ တန်ခိုးကို ချိုးဖျက်ပြီးသော ယေရှုခရစ်သည် မိတ်ဆွေအား လွတ်မြောက်စေတော်မူလိမ့်မယ်။ ဒီအရှင်ဟာ ကျွန်ုပ်တို့ရဲ့ ရွေးနှုတ်တော်မူသော အရှင်ပင်ဖြစ်ပါသည်။

မိတ်ဆွေဟာ သန့်ရှင်းသော ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ရှိနေပါတယ်။ ဒီဘုရားရှင်ဟာ မိတ်ဆွေ့ အသက်တာထဲမှာ ရှိတဲ့ လျှို့ဝှက်ချက်များ၊ ထိမ်ဝှက်ထားတဲ့ အကြံအစည်

Copyright ANGP

များနဲ့ ပြုလုပ်ခဲ့တဲ့ အရာအားလုံးကို သိရှိတော်မူပါတယ်။ မိဘ်ဆွေဟာ မိမိကိုယ်ကိုလည်းကောင်း မိတ်ဆွေပြုလုပ်ခဲ့တဲ့ အရာများကို သော်လည်းကောင်း ဘုရားရှင် မသိအောင် ဘယ်လို့မှ မဖုံးကွယ်နိုင်ပါ။ နားကို တပ်ပေးသော ဘုရားသည်မကြားပဲ နေနိုင်မည်လော။ မျက်စိကို ဖန်ဆင်းသော အရှင်သည် မမြင်ပဲ နေနိုင်ပါမည်လော။ "ထာဝရဘုရားသည် စုံလင်သော စေတနာ စိတ်ရှိသော သူတို့ဘက်၌ ခိုင်ခံ့စွာနေခြင်းငှာ၊ မြေကြီးတပြင်လုံးကို အနှံ့အပြား ကြည့်ရှုလျက် ရှိတော်မူ၏ (၆ ရာ၊ ၁၆း၉)။

"အကြောင်းမူကား၊ လူသွားရာလမ်းကို ဘုရားသခင်ကြည့်ရှု၍၊ လူခြေရာရှိသမျှတို့ကို မြင်တော်မူ၏။ မတရားသဖြင့် ကျင့်သောသူ၏ ပုန်းရှောင်ရာမှောင်မိုက်၊ သေမင်း အရိပ်တစုံ တခုမျှမရှိ" (ယောဘ၊ ၃၄း ၂၁၊ ၂၂)။

"သို့သော်လည်း၊ ယေရှုသည် ထိုသူတို့၌ ကိုယ်ကို အပ်တော်မမူ။ အကြောင်းမူကား၊ ခပ်သိမ်းသော သူတို့ကို သိတော်မူ၏" (ယော၊ ၂း ၂၄)။


ထို့ကြောင့်အပြစ်မှ လွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရား အပြစ် တင်တော်မူခြင်းနှင့်လွတ်၍၊ လှည့်စားတတ်သော စိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏" (ဆာလံ၊ ၃၂း ၁၊ ၂)။ (ဆာလံ ၅၁ ကိုလည်း ဖတ်ပါ)။ ယေရှုသည် ယနေ့ တိုင်ဖိတ်ခေါ်လျက် ရှိတော်မူပါတယ်။ "ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်" (မဿ၊ ၁၁း ၂၈)။

Copyright ANGP

# ရုပ်ပုံများ၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း

## ပထမရုပ်ပုံ

ဒီရုပ်ပုံဟာ အသစ်တဖန် မွေးဖွားခြင်း မခံရသေးပဲ၊ လောကသားဖြစ်တဲ့ ယောကျာ်း၊ မိန်းမတို့ရဲ့ နှလုံးသားကို ဖော်ပြပါတယ်။ သမ္မာကျမ်း စာကတော့၊ သူတို့ကို အပြစ်သားလို့ ခေါ်ထားပြီး၊ သူတို့တတွေဟာ ဒီလောကကို အစိုးရသော ဝိညာဉ်ရဲ့ အုပ်စိုးမှုကို ခံယူနေပြီး၊ သွေးသားဇာတိရဲ့ ဆန္ဒအလိုအတိုင်း အသက်ရှင်နေသူများ ဖြစ်ကြတယ်။ ဒီရုပ်ပုံဟာ ဘုရားရှင် မြင်တွေ့တော်မူတဲ့အတိုင်း လူတို့ရဲ့ နှလုံးသားပဲ ဖြစ်ပါတယ်။ ရီဝေပြီး နီနေတဲ့ မျက်လုံးများကတော့၊ သုတ္တံ၊ ၂၃း ၂၉-၃၃ မှာ ဖော်ပြထားတဲ့အတိုင်း သေရည်သေရက်နဲ့ ယစ်မူးနေတယ်ဆိုတာကို ဖော်ပြနေပါတယ်။ "အဘယ်သူသည် ဝမ်းနည်းခြင်းရှိသနည်း။ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း။ အဘယ်သူသည် ရန်တွေ့ခြင်း ရှိသနည်း။ အဘယ်သူသည် မြည်တမ်းခြင်း ရှိသနည်း။ အဘယ်သူသည် အကျိုးအကြောင်းမရှိ၊ ထိခိုက်၍ နာခြင်း ရှိသနည်း။ အဘယ်သူသည် မျက်စိနီခြင်း ရှိသနည်း ဟူမူကား၊ စပျစ်ရည်ကို ကြာမြင့်စွာသောက်လျှက် နေသောသူ၊ ဆေးနှင့် ရောသော စပျစ်ရည်ကို ရှာတတ်သော သူတို့သည် ထိုသို့သော လက္ခဏာရှိကြ၏။ ဖလား၌ နီလျှက်၊ အရောင်တောက်လျှက်၊ အချိုမြိန်ဝင်လျှက်ရှိသော စပျစ်ရည်ကို မကြည့်မရှုနှင့်။ နောက်ဆုံး၌ မြွေကဲ့သို့ကိုက်တတ်၏။ သင့်မျက်စိတို့သည် အမျိုးပျက်သော မိန်းမတို့ကို ကြည့်ရှု၍၊ သင့်နှလုံးသည်လည်း ကောက်သော စကားကို မြွက်ဆိုလိမ့်မည်"။



# ၁။ အပြစ်သား၏ စိတ်နှလုံး

ဒီရုပ်ပုံထဲရှိ ဦးခေါင်းရဲ့ အောက်မှာ ရှိတဲ့လူ၏စိတ်နှလုံးထဲမှာ တိရစ္ဆာန်တွေ ကိန်းအောင်းနေဒါ တွေ့ရပါလိမ့်မယ်။ ဒီတိရစ္ဆာန်တွေဟာ လူ၏စိတ်နှလုံးထဲမှာရှိတဲ့ အပြစ်အမျိုးမျိုးကို ဖော်ပြနေပါတယ်။ လူ၏စိတ်နှလုံးဟာ ကျွန်တော်တို့ရဲ့ အပြစ်များ ခိုအောင်းရာ အခြေစိုက်စခန်းဖြစ်ပါတယ်။ ပရောဖက်ကြီး ယေရမိအားဖြင့် ဘုရားရှင် မိန့်တော်မူတဲ့ စကားကတော့ "စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက်စဉ်းလဲတတ်၏၊ အလွန် ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကိုအဘယ်သူသိနိုင်သနည်း" (ယေရမိ၊ ၁၇း၉)။

ဒီအချက် မှန်ကန်ကြောင်း ယေရှုကိုယ်တိုင် အတည်ပြု၍ ပြောဆိုထားချက်မှာ "လူ့အတွင်းနှလုံးထဲက မကောင်းသော ကြံစည်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူအသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ငြူစူခြင်း၊ သူ့အသရေကို ဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ်သော အရာများတို့သည် အတွင်းမှ ထွက်လာ၍ လူကို ညစ်ညူးစေကြသည်ဟု မိန့်တော်မူ၏" (မာကု၊ ၇း၂၁-၂၃)။

Copyright ANGP

၁။ ဒေါင်းမင်း။ ။ဒေါင်း၏ တင့်တယ်လှပမှုကို လူတိုင်း မြတ်နိုးကြပါတယ်။ သို့သော် လူ၏ စိတ်နှလုံးတွင်း၌ ဒေါင်းမင်းဟာ မာန ထောင်လွှားခြင်းဆိုတဲ့ အပြစ်ကို ဆိုလိုပါတယ်။လူစီဖါ (နံနက်သား မိုးသောက်ကြယ်) အမည်ရှိတဲ့ ဘိသိက်ခံ ခေရုဗိန်ဟာ တခါက ဘုရားရှင်ရဲ့ အလင်းကို ဆောင်တဲ့ ကောင်းကင်တမန် တပါးဖြစ်ပေမယ့် မာနထောင်လွှားမှုကြောင့် ကျရှုံးပြီး စာတန်တည်းဟူသော ဘုရားရှင်ရဲ့ ရန်သူဖြစ်လာရပါတယ်၊

(ဟေရှာ။ ၁၄း၉-၁၇။ ယေဇကျေလ၊ ၂၈း၁၂-၁၇)

မာနထောင်လွှားခြင်းဟာ မရဏာနိုင်ငံထဲမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး အသွင်အမျိုးမျိုးကို ဆောင်ပါတယ်။ တချို့လူတွေဟာ မိမိတို့ ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းများကြောင့် မာနထောင်လွှားတတ်ကြပါတယ်။ တချို့ကျတော့ ပညာဂုဏ်၊ လှပတဲ့ ဝတ်စားဆင်ယင်မှုအားဖြင့် အရှက်အကြောက် ကင်းမဲ့စွာ မိမိတို့ရဲ့ ခန္ဓာကိုယ်ကို ထုတ်ဖော်ပြခြင်း၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲ၊ အသံမြည်တတ်သော တန်ဆာများ၊ လက်ကောက် လက်စွပ်များကို ဝတ်ဆင်ခြင်းဖြင့် ဝါကြွားတတ်ကြပါတယ်။ (ဟေရှာယ၊ ၃း၁၇-၂၄)။ တချို့လူများကျတော့ မိမိတို့ရဲ့ဘိုးဘေးများ၊ အမျိုးသားဂုဏ်၊ ယဉ်ကျေးမှု၊ အားကစားထူးချွန်မှုစတဲ့ အရာများနဲ့ ဝါကြွားတတ်ကြပါတယ်။ဒီလူတွေမေ့ နေတဲ့အချက်ကတော့ ရှင်ပေတရု၊ ၅း၅ မှာ ဖော်ပြထားတဲ့ "ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင် ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏" ဆိုတဲ့ အချက်

Copyright ANGP

ဘဲ ဖြစ်ပါတယ်။ မာနထောင်လွှားခြင်းနဲ့ စော်ကားခြင်းတို့ကို ထာဝရဘုရား မုန်းတော်မူ၏။ (သုတ္တံ၊ ၈း၁၃)။ မာနသည် ပျက်စီးခြင်းအယင် ထောင်လွှားသော သဘောသည် ရှုတ်ချခြင်း အရင်၌ နေရာကျတတ်၏။ (သုတ္တံ၊ ၁၆း၁၈)

၂။ ဆိတ်ထီး။ ။ဒီဆိတ်ထီးကတော့ ဇာတိသွေးသား တပ်မက်မှု၊အကျင့်စာရိတ္တ ဖောက်ပြားမှု၊မတရားသော မေထုန်နဲ့ သူ့မယားကို ပြစ်မှားခြင်းတို့ကို ဖော်ပြပါတယ်။အခုဖော်ပြတဲ့ အပြစ်တွေဟာအခုလို နောက်ဆုံးသော အချိန်ကာလမှာ အလွန်ဆိုးရွားလာပြီ ဖြစ်တဲ့အတွက် ယေရှု နှစ်ပေါင်း ၂၀၀၀ လောက်ကတည်းက ကြိုတင် ဗျာဒိတ်ပြုခဲ့တဲ့အတိုင်း နောက်ဆုံးသော အချိန်ကာလဟာ သောဒုံနဲ့ ဂေါမောရကဲ့သို့ ဖြစ်မယ်ဆိုတာ တကယ်မှန်လာပြီဖြစ်ကြောင်း ဝန်ခံရပါလိမ့်မယ်။

ခေတ်မီလိုတဲ့ သဘောမျိုးဟာ လူယောက်ျား၊ လူမိန်းမတို့အား လွှမ်းမိုး ဖမ်းချုပ်ထားသည်သာမက ဘုရားတရားကိုင်းရှိုင်းသောသူများ၏ အိမ်များ၊အဖွဲ့အစည်းများ။ ကျောင်းများ၊ အံဆောင်များထဲသို့ပင် ထိုးဖောက် ဝင်ရောက်လာနေပါပြီ။ ဒီပျက်စီးယိုယွင်းတတ်တဲ့ မကောင်းမှု မျိုးစေ့ကို ရှက်ကြောက်ခြင်း မရှိဘဲ၊ လိမ်မာ ပါးနပ်စွာနဲ့ စာတန်နည်းကို သုံးပြီး ရုပ်ရှင်၊ ပြဇာတ်သဘင်၊ ညစ်ညူးသော စာပေများနဲ့ တခြားနည်းလမ်းအမျိုးမျိုးဖြင့် ကြဲဖြန့်လျက်ရှိနေတဲ့အတွက်ဘုရားရှင်က

Copyright ANCP

အပြစ်လို့ သတ်မှတ်ထားတဲ့အရာကို လူအများက ခေတ်၏အလေ့အထလို့ မှတ်ယူကြပါတယ်။ သန်းပေါင်း များစွာသော လူငယ်များဟာ မိမိတို့ရဲ့ အသက်တာ ရည်မှန်းချက်ကို စံထားရာတွင် ဝတ္ထုများ၊ ရုပ်ရှင်များကိုသာ မှီငြမ်းမိခဲ့ကြတဲ့အတွက် အဆုံး၌ ဒုက္ခ, အရှက်ကွဲခြင်း၊ ယူကျုံးမရ ဖြစ်ရခြင်းတို့နဲ့သာ အဆုံးသတ်ရပါတော့တယ်။ စာရိတ္တယိုယွင်းပြီး ကျက်သရေကင်းမဲ့တဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီးတို့ဟာ လူငယ်များရဲ့ အသဲစွဲနာမည်ကျော်ပုဂ္ဂိုလ်များ ဖြစ်လာနေရပါပြီ။ ကပွဲရုံများဟာ စာရိတ္တပျက်စီးဘို့ရန် မျိုးပွားပေးတဲ့ နေရာများပင်ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ သန့်ရှင်းခြင်းနဲ့ပတ်သက်ပြီး နမူနာယူဘွယ်ပုဂ္ဂိုလ်များဖြစ်တဲ့ ယောသပ် (ကမ္ဘာ၊ ၃၉)နဲ့ အခြားပုဂ္ဂိုလ်များကို အခုအခါ အတုမယူကြတော့ပါ။ သူ့သားမယားကို ပြစ်မှားတဲ့ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ သတ်ပစ်တတ်တဲ့ ဗူလူး လူရိုင်းများပင်လျှင် ကျွန်ုပ်တို့ ခေတ်ကာလမှာရှိတဲ့ လူယဉ်ကျေးလို့ ခေါ်တဲ့သူအများကို သင်ခန်းစာပေးနိုင်သည်သာမက၊ တရားစီရင်တဲ့ နေ့ရက်မှာလည်း ကျွန်ုပ်တို့တဖက်မှာ နေ၍စီရင်နိုင်ပါလိမ့်မယ်။ မတရားတဲ့ မေထုန်ကို ဘုရားရှင်ဟာ ပေါ့ပေါ့မထားသည် သာမက ရှောင်ပြေးဖို့မိန့်ဆိုထားပါတယ်။ “လူပြုတတ်သော အခြားဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ရှိ၏။မတရားသော မေထုန်ကို ပြုသောသူမူကား မိမိကိုယ်ကိုပင်ပြစ်မှား၏။ အဘယ်သို့နည်း၊ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏

Copyright ANGP

ဗိမာန်ဖြစ်ကြောင်းကို လည်းကောင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကို လည်းကောင်း၊ မသိကြသလော" (၁ ကော၊ ၆း ၁၀၊ ၁၉) "အကြင်သူသည် (ယောက်ျား (သို့) မိန်းမ)၊ ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီး၏။ ထိုသူကို ဘုရားသခင် ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏

(၁ကော၊ ၃း ၁၇)။

၃။ ဝက် - ဝက်ဟာ သေရည်သေရက်နဲ့ ယစ်မူးခြင်း၊ အစားအသောက်လွန်ကျူးခြင်း၊ အပြစ်များကို ပုံဆောင်ပါတယ်။ ဝက်ဟာ ညစ်ညမ်းတဲ့ တိရစ္ဆာန်ဖြစ်ပြီး၊ တွေ့တဲ့ အစာမှန်သမျှ သန့်ရှင်းသည်ဖြစ်စေ၊ မသန့်ရှင်းသည် ဖြစ်စေ၊ အားလုံးကို ဝါးမျို၍ စားပစ်တတ်တယ်။ ဒီလိုပါပဲ။ မသန့်ရှင်းတဲ့ နှလုံးသားဟာ။ မကောင်းတဲ့ အကြံပေးချက်၊ မသန့်ရှင်းတဲ့ အမူအရာ၊ ညစ်ညမ်းတဲ့ ရုပ်ပုံများနဲ့ စာပေများ အားလုံးကို ခံယူတတ်ပါတယ်။ အသက်ရှင်တော်မူသော ဘုရားရှင်ရဲ့ ကျိန်းဝပ်ရာ ဗိမာန်ဖြစ်တဲ့ ကိုယ်ခန္ဓာဟာ မသန့်ရှင်းတဲ့ အစာ၊ ညစ်ညမ်းတဲ့ အလေ့အထဖြစ်တဲ့ ဆေးလိပ်သောက်ခြင်း။ ဆေးရွက်ဝါးခြင်း၊ ဘိန်း၊ မူးယစ်ဆေးဝါးစသည်များကို သုံးစွဲခြင်းအားဖြင့် ညစ်ညူးလာရပါတယ်။

ဆေးလိပ်၊ ဘိန်း၊ မူးယစ်ဆေးဝါးများကို သုံးစွဲခြင်းအလေ့အထဟာ ယခင်အချိန်များထက် ယခုအချိန်ကာလမှာ ပို၍ များစွာသော ယောက်ျား၊ မိန်းမတို့ကို လွှမ်းမိုးအုပ်စိုးလျက်ရှိပါတယ်။ ဘုရားရှင်ရဲ့ တန်ခိုးတော်အားဖြင့်သာ ဒီဆိုးဆေးစွဲ

Copyright: ANCP

ပြီး စာတန်ကျွန်ဖြစ်နေတဲ့ သူများကို လွှတ်မြောက်ခွင့်ပေးနိုင်ပါလိမ့်မယ်။ ဘုရားတရား စိတ်ဆက်သန်သူ အများအနေနဲ့ ဗိမာန်တော် အဆောက်အအုံထဲမှာ ဆေးလိပ်မသောက်ဝံ့ပဲ ဘာသာရေးနဲ့ဆိုင်တဲ့ အရာများကို ဖျက်ဆီးသည်ဟုပင် ယူဆတတ်ပေမယ့် ဒီဆေးလိပ်စွဲသူများကတော့ ဒီအနံ့ပြင်းတဲ့ ဆေးရွက်ကိုပဲ ဘာမှမဖြစ်သလို သဘောထားပြီး ဘုရားရှင်ရဲ့ ဗိမာန်ဖြစ်တဲ့ မိမိတို့ရဲ့ကိုယ်ခန္ဓာကို ညစ်ညူးနေစေကြပါတယ်။ တမန်တော် ရှင်ပေါလုက "သင်တို့မသိကြသလော" သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင်၏ ဝိညာဉ်တော် ကျိန်းဝပ်ရာ ဗိမာန်ဖြစ်တယ်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဒီကိုယ်ခန္ဓာကို ညစ်ညူးစေလျှင် ထိုသူကို ဘုရားသခင် ဖျက်ဆီးပစ်မည်ဟု ဘိကျစွာ သတိပေးထားပါတယ်။

(၁ ကော၊ ၃း၁၆၊ ၁၇။ ၆း၁၀၊ ၁၉)။

အစားအသောက် လွန်ကျူးသူဟာ ဘုရားသခင်ရှေ့မှာ ရှုံရှာဖွယ်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ အစာစားဖို့ အသက်ရှင်ခြင်း မဟုတ်ပဲ၊ အသက်ရှင်ဖို့ အစာကို စားရခြင်းဖြစ်ရပါမယ်။ ဆာလောင်မွတ်သိပ်ခြင်း အဟာရပြည့်တဲ့အစာ စားသောက်ခြင်းဖြင့် ကျေနပ်စေနိုင်ပါတယ်။ဒါပေမယ့် အစားလွန်ကျူးခြင်းသဘောကတော့ အမြဲဘမ်း ပေးပါ၊ ပေးပါဟူ၍ အော်ဟစ်နေတတ်ပါတယ်။

တပ်မက်ခြင်းသဘောဟာ ဘယ်တော့မှ မကျေနပ်နိုင်ပါ။ ဘယ်တော့မှ အာသီသ မပြေတတ်ပါ။ ဓမ္မဟောင်းကျမ်းအရ "စားကြူးသောသူ၊ သောက်ကြူးသောသူတို့ကို ကျောက်ခဲနှင့်



Copyright ANCP

ပစ်၍အသေသတ်ရမည်။ (တရား၊ ၂၁း၁၈-၂၁)။ အသောက်အစားကြူးသူတို့သည် ဆင်းရဲခြင်းနှင့် တွေ့ရပါလိမ့်မည်။ငိုက်မြည်းအိပ်ပျော်ခြင်း သဘောသည်လည်း လူကို အဝတ်စုတ်နှင့် ရစ်ပတ်စေပါသည်၊ဆိုးသွမ်းသောသူများနှင့် အပေါင်းအဖော်လုပ်သူသည် မိမိအဘကို အရှက်ကွဲစေ၏ (သုတ္တံ၊ ၂၃း၂၁) ၂၈း၇)။ဥစ္စာစည်းစိမ်းကြွယ်ဝပြီး၊ အစားကြူးတဲ့ ပုဂ္ဂိုလ်တဦးဟာ တနေ့သေဆုံးပြီးမရဏာနိုင်ငံထဲမှာ ပြင်းစွာသော ဒုက္ခကိုခံရတဲ့အကြောင်း သတိရပါ။အရက်သေစာသောက်ကြူးခြင်း၏ ဆိုးကျိုးများကို လူတိုင်းသိသည်ဖြစ်၍ ဒါကို ပေါ့ပေါ့ဆဆ သဘောမထားအပ်ပေ။ ဘုရားရှင်ဟာ မိမိရဲ့နှုတ်ကပတ်တော်မှာ ရှင်းလင်းစွာ ဖော်ပြထားချက်ကတော့ "သေရည်သေရက်နှင့်ယစ်မူးသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရ" လို့ မိန့်ဆိုထားပါတယ်၊

ဘီယာဟာ စားစရာမဟုတ်ပါ၊ သေရည်သေရက် ဖြစ်ပြီး စိတ်ကို ရှုတ်ထွေး၍ ထိခိုက်စေပါတယ်၊ ဒါကို သောက်သုံးသူဟာ မိုက်မဲစွာ ပြုကျင့်တတ်ပါတယ်။ စာရိတ္တ ဖောက်ပြန်လာပြီး အချင်းချင်း သတ်ဖြတ်မှုများကိုပင် ပြုတတ်ပါတယ်။ ဤအရည်ကို မသောက်ပါက ထိုသို့ပြုမည် မဟုတ်ပါ၊ စပျစ်ရည်သည် လှည့်စားတတ်၏၊ သေရည် သေရက်သည် ရန်းရင်းခတ်ခြင်းအမှုကို ဖြစ်စေတတ်၏၊ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ" (သုတ္တံ။ ၂၀း၁)။

အရက်သေစာကို ထုတ်လုပ် ရောင်းချသူများဟာလည်း သောက်သုံးတဲ့သူများကဲ့သို့ပင် ဘုရားသခင်ရှေ့မှာ အပြစ်ရှိ

Copyright ANGP

ပါတယ်။ "စပျစ်ရည်ကို များစွာ သောက်နိုင်သောသူ၊ ဆေးနှင့်ရောသော သေရည်သေရက်ကို သောက်ခြင်းအမှု၌ အားကြီးသော သူတို့သည် အမင်္ဂလာရှိကြ၏" (ဟေရှာယ၊ ၅း၂၂)။ မိမိအိမ်နီးချင်း၌ အဝတ်အချည်းစည်း ရှိခြင်းကို မြင်လို၍သူ့ကို ယစ်မူးစေခြင်းငှာ သေရည်သေရက်ကိုလောင်း၍ သောက်စေသောသူသည်အမင်္ဂလာရှိ၏။(ဟဗက္ကုတ်၊ ၂း၁၅)။ သူတို့၏ ပွဲ၌ စောင်း၊ တယော၊ ပတ်သာ၊ ပုလွေ။ စပျစ်ရည် ပါတတ်၏။ ထာဝရဘုရား၏ အမှုတော်ကိုကား ပမာဏမပြုကြ (ဟေရှာယ၊ ၅း၁၂)။အလွဲမယူကြနှင့်၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ ယောကျ်ားချင်း မေထုန်ကို ပြုသောသူ၊လောဘလွန်ကျူးသောသူ၊ သူ့ဥစ္စာကို ခိုးသောသူ၊ အနိုင်အထက် လုယူသော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ (၁ ကော၊၆း၉ ၁၀)။

ကျွန်ုပ်တို့ သွေးသား ဇာတိသဘောရဲ့ ပြစ်မှား လွန်ကျူးမှုများ ချက်ချင်း သိနိုင်ပါတယ်။ ဇာတိပကတိ အကျင့်များမှာ မဖြူစင်ခြင်း၊ မစင်ကြယ်ခြင်း၊မတော်လျော်စွာ ကျင့်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ငြိုးခံခြင်း၊ ရန်ဘက်ပြုခြင်း၊ မနာလိုခြင်း အမျက်ဒေါသ ထွက်ခြင်း၊ ပြိုင်ဆိုင်ခြင်း၊ အချင်းချင်း ကွဲပြားခြင်း။ သင်းခွဲ ခြင်း၊ သူ့အကျိုးကို ငြူစူခြင်း ယစ်မျိုး သောက်ကျူးခြင်း၊ သောက်စား ပျော်ပါးခြင်း စသည်တို့ ဖြစ်ပါတယ်၊ ဒီလို ကျင့်တဲ့သူတွေဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်ကို အမွေမခံရကြ (ဂလာ၊ ၅း၁၉-၂၁)၊

Copyright ANGP

"လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့"(ဖေက်၊ ၅း၁၈)။ ရေငတ်သော သူတို့အား ယေရှုက ဤသို့ခေါ်ဖိတ်လျက်ရှိပါတယ်။ 'ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့"(ယော။ ၇း၃၇၊ ၃၈)။ အို ရေငတ်သော သူအပေါင်းတို့၊ ရေရှိရာသို့ လာကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍ စားသောက်ကြလော့၊ ငွေမပါပဲ၊ အဖိုးကို မပေးပဲ လာ၍ စပျစ်ရည်နှင့်နို့ကို ဝယ်ကြလော့"(ဟေရှာယ၊ ၅၅း၁)။ "ငါပေးသော ရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ငါပေးသော ရေသည်ထိုသူ၌ ထာဝရ အသက်ရှင်ခြင်းအလို့ငှာ ထွက်သော စမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏ (ယော၊ ၄း၁၄)။

Copyright ANGP

၄။ **လိပ်။** ။လိပ်ဟာ ပျင်းရိခြင်းသဘော၊ဖင့်နွဲ့ခြင်းသဘော သူတပါးကို ပြုစားခြင်း စတဲ့ အပြစ်များကို ဖော်ပြပါတယ်။ မယုံကြည်ခြင်း သဘောဟာ နတ်ဒေဝါဒင်ကို လိုက်စားခြင်း အပြစ်လိုပဲ ဖြစ်ပါတယ်။ "ပျင်းရိသောသူသည် အလုပ်မလုပ်ချင်သောကြောင့် မိမိတပ်မက်သောအားဖြင့် သေတတ်၏။ တနေ့လုံး တပ်မက်အား ကြီးတတ်၏။ (သုတ္တံ၊ ၂၁ း၂၅၊ ၂၆)။ ယေရှုက ဣသရေလလူများကို ဒီနယ်မြေကို သိမ်းပိုက်ဖို့ ဖင့်နွဲ့ခြင်း မရှိကြနှင့်" ဟု နိုးဆော်ရပါတယ်၊ လူရဲ့ ဇာတိသဘောဟာ ဘုရားရှင်နဲ့ သက်ဆိုင်တဲ့ အရေးများကို ရှာဖွေဖို့ ပျင်းရိပြီး ဖင့်နွဲ့တတ်ပါတယ်။ ယေရှုက ကျဉ်းမြောင်း

သော တံခါးဝကို ဝင်ခြင်းငှာ ကြိုးစားအားထုတ်ကြလော့ဟု မိန့်တော်မူပါတယ် (လုကာ၊ ၁၃း၂၄)။ "ရှာသောသူသည် တွေ့လိမ့်မည်။ ကောင်းကင် နိုင်ငံတော်ကို အနိုင်အထက်ပြုကြ၏။ အနိုင်အထက်ပြုသော သူတို့သည်လည်း လုယူဝင်စားရကြ၏" (မဿဲ၊ ၁၁း၁၂)။

ကျွန်ုပ်တို့ရဲ့ စိတ်ဝိညာဉ် ကယ်တင်ခြင်း ရဖို့နဲ့ ဝိညာဉ်ရေးအတွက် ဖင့်နွဲ့နေပါက လုံးဝပျက်စီးသွားတတ်ပါတယ်။ ပျင်းရိဖင့်နွဲ့ခြင်းဟာ ဆုတောင်းခြင်း၊ ဘုရားသခင်နဲ့ စပ်ဆိုင်တဲ့ နက်နဲသော အရာများကို ရှာဖွေခြင်းတို့အတွက် အတားအဆီး ဖြစ်စေတတ်ပါတယ်။ ဘုရားရှင်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ကတိတော်များကိုလည်း လက်ခံတွေ့မခံစားစေတော့ပဲ ပျက်စီးခြင်းတို့သာ ပို့ဆောင်တတ်ပါတယ်။

ဘုရားရှင်ဟာ မိတ်ဆွေကို စကားပြောနေပြီ။ "သင့်စိတ်နှလုံးကို ငါ့အား ယနေ့ပေးပါ" လို့ ဘုရားရှင်က တိုက်တွန်းနှိုးဆော်နေပေမယ့် စာတန် မာရ်နတ်ကတော့ မနက်ဖန်ဖြစ်စေ အခြားသင့်တော်တဲ့ အချိန်ကျမှ ပေးပါလို့ ပြောနေပါတယ်။ နောက်ဆုံးတော့ အဲဒီနေ့ဟာ ဘယ်တော့မှ ရောက်မလာတော့ပါဘူး။ မိတ်ဆွေလည်း ကယ်တင်ခြင်းမရ၊ ခရစ်တော်ကိုလည်း မသိလိုက်ရပဲ သေဆုံးသွားရပါလိမ့်မယ်။ ဘုရားရှင်က "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်ဖြစ်၍-ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်" ဟု သတိပေးထားပါတယ်။ (ဟေဗြဲ၊ ၃း၇၊ ၈)။ အဆင်ပြေဘဲ့နေ့ကျမှ ကယ်တင်ခြင်းကို လက်ခံပါရစေလို့ ရက်ရွှေ့ခဲ့တဲ့အတွက် ထိုနေ့ဟာ

Copyright ANGR

တခါမှ ရောက်မလာတော့ပဲ ပျက်စီးဆုံးရှုံး သွားရတဲ့သူများ ဘယ်လောက်များ နေပြီလဲ။ မနက်ဖန်နေ့ကို သင်မပိုင်ပါ၊

လိပ်ရဲ့ အခွံမာကို နတ်ဆရာများဟာနတ် ဗေဒင်ပြုစားခြင်း အမှုများကို လုပ်ဆောင်ရာ၌ အသုံးပြုတတ်ကြပါတယ်။ ဒါကြောင့် လိပ်ဟာ အသက်ရှင်သော ဘုရားကို ယုံကြည်ကိုးစားမှု မရှိပဲ၊ နတ် ဗေဒင်လက္ခဏာကို ယုံကြည်မှု၊ လိုက်စားမှု၊ ရှေ့ဖြစ်ဟောစာတမ်း ပြုစားခြင်း စတဲ့အပြစ်များကို ဖော်ပြနေပါတယ်။ ဖျားနာခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံရခြင်း၊ ဆင်းရဲဒုက္ခရောက်ရခြင်း၊ ဝမ်းနည်းကြေကွဲ ပူဆွေးရချိန်များမှာ မိမိတို့ရဲ့ ကံကြမ္မာကို မကိုးစားပဲ၊ ထာဝရ ဘုရားရှင်ကို အော်ဟစ်ဖို့လိုကြောင်း ကျမ်းစာက ဖော်ပြထားပါတယ်။ “ကောင်းသောသူ၏ ခြေရာတို့ကို ထာဝရဘုရားသခင် ပဲ့ပြင်၍ သူသွားရာလမ်းကို နှစ်သက်တော်မူ၏” (ဆာလံ၊ ၃၇း၂၃)။ “နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက် လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ၊ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ ပဋ္ဌနာသည် လူကို ကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကို ထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကို လွှတ်တော်မူမည်။

အချင်းချင်း တယောက်နှင့် တယောက် ကိုယ်အပြစ်ကို ဖော်ပြတောင်းပန်ကြလော့။ချမ်းသာရမည်အကြောင်း အချင်းချင်းအဖို့ ဆုတောင်းကြလော့” (ယာ၊ ၅း၁၄-၁၆)။အရှေ့အနောက် တောင်အရပ်ဘို့တွင် ဘယ်အရပ်မျှ ကျေးဇူးမပြုနိုင်

Copyright ANGP

ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏ (ဆာလံ၊ ၇၅း၆၊ ၇)။ ဣသရေလလူမျိုးတို့ကို ဘုရားရှင် မိန့်တော်မူချက်မှာ–"သင်တို့တွင် မိမိသားသမီးကို မီးဖြင့်ပူဇော်သောသူ ဖြစ်လတ္တံ့သော သော အမှုကို ကိုယ်ဥာဏ်နှင့် ဟောပြောသောသူ၊ ကာလဗေဒင်ကို ကြည့်သောသူ၊ မကောင်းသော အတတ်ကို ပြုစုသောသူ၊ ပြုစားတတ်သောသူ၊ နတ်ဆိုးနှင့် ပေါင်းသောသူ၊ ဝိဇ္ဇာအတတ်ကို ပြုစုသောသူ၊ လူသေကို မေးမြန်းသောသူ တစုံတယောက်မျှ မရှိရ။ ထိုသို့ပြုတတ်သောသူ အပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။

ထိုစက်ဆုပ် ရွံရှာဖွယ်သော အမှုများတို့ကြောင့် သင်၏ဘုရားသခင် ထာဝရဘုရားသည် ထိုလူမျိုးတို့ကို သင့်ရှေ့မှာ နှင်ထုတ်တော်မူ၏" (တရား၊ ၁၈း၁၀–၁၂)။ "ပြင်၌ကား ခွေးဖြစ်သောသူ၊ ပြုစားတတ်သောသူ၊ မတရားသော မေထုန်၌ မွေ့လျော်သောသူ၊ လူအသက်ကို သတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကို နှစ်သက်၍ ပြုသောသူ အပေါင်းတို့သည် ရှိကြ၏"(ဗျာ။ ၂၂း၁၅)။ ကိုယ့်ကို ကိုယ်ညစ်ညူးစေခြင်းငှာ နတ်ဝင်သောသူကို မမှီဝဲရ၊ စုန်းလုပ်သူကို မရှာဖွေရ။

ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။ (ဝတ်ပြုရာ။ ၁၉း၃၁)။ တိုးတိုးပြော၍ မန္တာန်သရဇ္ဈာယ်တတ်သော နတ်ဝင်နှင့် စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား သူတို့သည် မိမိတို့ဘုရားသခင်၌ မဆည်းကပ် အပ်သလော၊ အသက်ရှင်သော သူ၏အမှုမှာ အသက်

သေသောသူ၌ ဆည်းကပ်အပ်သလော။ တရားတော်ကိုလည်းကောင်း၊သက်သေခံတော်မူချက်ကို လည်းကောင်း၊ နားထောင်ကြကုန်။သူတို့ပြောသော စကားသည် နှုတ်ကပတ်နှင့် မညီလျှင် သူတို့၌ အာရုဏ်မတက်သေး (ဟေရှာယ၊ ၈း၁၉၊ ၂၀)။

ဒီစာအုပ်ငယ်ကို မိတ်ဆွေဖတ်နေစဉ်ပင် ဘုရားရှင်ဟာ မိတ်ဆွေကို စကားပြောနေပါတယ်။ မိတ်ဆွေရဲ့ အပြစ်များအတွက် နောင်တရပြီး မိမိရဲ့အသက်တာကို ဘုရားရှင်ထံ အပ်နှံဘို့ဘုရားရှင်က တောင်းခံနေပေမယ့် မိတ်ဆွေရဲ့အထဲမှာ ရှိတဲ့ လိပ်သတ္တဝါရဲ့ သဘောက မိတ်ဆွေ အဲဒီဆုံးဖြတ်ချက်ကို မပေးနိုင်အောင်အကြံဉာဏ် အမျိုးမျိုးပေးပြီး ကြန့်ကြာအောင် ဆွဲထားပါလိမ့်မယ်၊ ဒါတင်မကသေးပဲ မိတ်ဆွေအထဲမှာ ကြောက်ရွံ့စိတ်တမျိုးကို ဖြစ်စေပြီး မေးခွန်းအမျိုးမျိုးကို ဖြစ်ပေါ်စေပါလိမ့်မယ်။ ငါခရစ်ယာန် ဖြစ်သွားယင် ငါ့ရဲ့ လူမျိုးစု၊ ငါ့ရဲ့ မိတ်ဆွေများ၊တခြားသူများက ငါ့ကို ဘယ်လို ထင်ကြမလဲ၊ ကပွဲများ၊ ပျော်ရွှင်ပွဲများ၊ လောက ပျော်ရွှင်မှုများ၊ ငါမပါဝင်ရယင် ငါ့စိတ်တွေ ဘယ်လိုဖြစ်သွားမလဲ။

အမှန်ကတော့ ခရစ်တော် ယေရှု၌ရှိတဲ့ တိုင်းတာ၍မရတဲ့ ဘဏ္ဍာများ၊ အံ့သြဖွယ်ကောင်းတဲ့ ငြိမ်သက်ခြင်း၊ ပြောပြလို့ မရတဲ့ ဝမ်းမြောက်ခြင်း၊ ဘုရားရှင်ရဲ့ဘုန်းတော်၊ ပျော်ရွှင်ခြင်းနဲ့ ပြည့်စုံတဲ့ ထာဝရ အသက်ရှင်ခွင့်စတဲ့ အရာတွေကို မြင်တွေ့ရမယ့် အစား၊ မိတ်ဆွေဟာ ယေရှုခရစ်တော်ကို စိတ်နှလုံးထဲ လက်ခံလိုက်ယင် မိတ်ဆွေစွန့်လွှတ်ရမယ့် အရာ တွေ

ကိုသာဖွေ့မြင်မိတဲ့အတွက် စာတန်ဟာမိတ်ဆွေကိုကြောက်ရွံ့တက်တဲ့စိတ်၊ သေခြင်းကို ကြောက်ရွံ့စိတ်တွေနဲ့ ချည်နှောင်ထားပါတယ်။ ဒါပေမယ့် ခရစ်တော်ကြွလာရတဲ့ အကြောင်းကတော့၊ သေရမှာကိုကြောက်ပြီး တသက်လုံးကျွန်ခံနေရတဲ့သူများကို ကယ်လွှတ်ဖို့ပဲ ဖြစ်ပါတယ် (ဟေဗြဲ၊ ၂း၁၄၊ ၁၅)။ ဒီလို ဖင့်နွဲ့တတ်တဲ့ သဘောဟာ မိတ်ဆွေရဲ့ စိတ်နှလုံးကို တဖြည်းဖြည်းနဲ့ လိပ်ရဲ့ ကျောကုန်းခွံကဲ့သို့ မာကြောစေနေပါပြီ။

၅။ **ကျားသစ်** – ကျားသစ်ဟာ ရက်စက်ပြီး ကြမ်းကြုတ်တဲ့ သတ္တဝါဖြစ်ပါတယ်။ မုန်းတီးခြင်း၊ ဒေါသအမျက်၊ စိတ်တိုခြင်းတို့ဟာ မကြာခဏဆိုသလို လူရဲ့နှလုံးသားကိုစိုးမိုးလာတတ်ပြီး၊ လွှမ်းမိုးသွားသည့် တခဏ၌ လူသတ်မှုကို လွန်ကျူးစေပါတယ်။ ဒီလိုစိတ်တိုတတ်တဲ့ သဘောကို မိတ်ဆွေကိုယ်တိုင်ကြိုးစားပြီး ထိန်းချုပ်ပါလိမ့်မယ်။ ဒါပေမယ့် မကြာခင်မှာ ဒီဒေါသ စိတ်တိုခြင်းစတဲ့ သဘောတွေဟာရက်စက်တဲ့ အသွင်အမျိုးမျိုးနဲ့ ပေါက်ကွဲပြီး ထွက်ပေါ်လာ စမြဲဖြစ်ပါတယ်။ နည်းလမ်းမှန်ကတော့၊ မိမိစိတ်နှလုံးအထဲမှာ ဒီသဘောတွေရှိကြောင်းဝန်ခံပြီး၊ လွတ်မြောက်မှုကို ယေရှုထံမှ တောင်းခံခြင်းပဲဖြစ်ပါတယ်။ "ကိုယ်ကို အမျက်မထွက်ကြနဲ့" (ကမ္ဘာ၊ ၄၅း ၅)။ "အမျက်မထွက်စေနဲ့ ဒေါသစိတ်ကို စွန့်ပယ်လော့ ပြစ်မှားစေခြင်းငှာ တိုက်တွန်းတတ်သော စိတ်မရှိစေနှင့်" (ဆာလံ၊ ၃၇း ၈)။ မာနသည် ကြမ်းကြုတ်သော သဘောရှိ၏။ ဒေါသသည် ပြင်းထန်တတ်၏။ ငြူစူသော စိတ်ကိုကား။

Copyright AK

အဘယ်သူ ဆီး၍ခံနိုင်သနည်း (သုတ္တံ၊ ၂၇း ၄)။ အမျက်သည် မိုက်သောသူ၏ စိတ်နှလုံး၌ နေရာကျတတ်၏။ သို့ဖြစ်၍၊ စိတ်ညှိုးခြင်း အကြောင်းနှင့် ကိုယ်ဆင်းရဲခြင်း အကြောင်းကို ပယ်ရှားလော့ (ဒေသနာ၊ ၇း ၉။ ၁၁း ၁၀)။ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းတို့ကို သင်တို့နှုတ်မှ ပယ်ရှင်းကြလော့ (ကော၊ ၃း ၈)။

သတ္တိနည်းတဲ့ သူများဟာ၊ မကောင်းမှုကို လုပ်ဖို့ရန်သို့မဟုတ်၊ ကလဲ့စားချေရန် အရက်ကို သောက်ခြင်းဖြင့် ရဲဆေးတင်ပြီး အားယူတတ်ကြပါတယ်။ ဒါပေမယ့် "သူတို့စပျစ်ရည်သည် နဂါးအဆိပ်၊ ပြင်းထန်သော မြွေဆိုး၊ အဆိပ်အတောက်ဖြစ်၏။ (တရား ၃၂း ၃၃)။ အပြစ်နဲ့ ပြည့်ဝတဲ့ နှလုံးသားအတွက်၊ ကလဲ့စားချေခြင်းဟာ အလွန်ပဲ အရသာရှိပါတယ်။ ဒါပေမယ့် ဘုရားရှင်ဟာ ကျွန်ုပ်တို့အတွက် တုံ့ပြန်ပေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ယေရှုက။ "ကိုယ်နှင့်စပ်ဆိုင်သော သူကိုကိုယ်နှင့်အမျှ ချစ်လော့"၊ "မိမိရန်သူကို ချစ်လော့" လို့ မိန့်တော်မူပါတယ်။ သူတပါးရဲ့ အပြစ်ကိုလွှတ်ယင် ကျွန်ုပ်တို့ရဲ့ အပြစ်ကိုလည်း လွှတ်မယ်လို့ ဘုရားရှင်ကတိပေးထားပါတယ်။ ငြူစူတတ်ခြင်းသဘော၊ ငြိုးငြူမြည်တမ်းခြင်း သဘောဟာ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ရွံ့ရှာဖွယ်ဖြစ်ပါတယ်။ သွေးထွက်သံယိုဖြစ်စေတဲ့ သဘော၊ စစ်မက်ဖြစ်ပွားစေလိုတဲ့ သဘောတွေဟာ လူ၏ စိတ်နှလုံးထဲမှာ ရှိနေပါတယ်။ ဒါကြောင့်၊ ကျွန်ုပ်တို့ဟာ တည်မြဲသော ငြိမ်သက်ခြင်းကို လိုလားပါက စိတ်နှလုံးထဲ၌ စစ်မှန်သော ငြိမ်သက်ခြင်း ရှိရပါလိမ့်မယ်။

Copyright ANGP

၆။ **မြွေ** – မြွေဟာ ဧဒင်ဥယျာဉ်ထဲမှာ ဧဝကို လှည့်စားလိုက်တဲ့အတွက် ဘုရားရှင်နဲ့ လူသားတို့အတူတကွသာယာစွာ မိတ်သဟာယဖွဲ့ရခြင်း အမှုဟာလည်း ပျက်စီးသွားရပါတယ်။ အာဒံနဲ့ ဧဝဟာ ဘုရားရှင်နဲ့ အတူစုံလင်တဲ့ မိတ်သဟာယဖွဲ့မှုကို ရယူပြီး၊ ကမ္ဘာကြီးကို အုပ်စိုးနေဒါကို စာတန်ဆိုတဲ့ ကျရှုံးသွားတဲ့ ကောင်းကင်တမန်ဟာ မြင်လိုက်ရတော့ မနာလိုစိတ်ဖြစ်ပေါ်လာတယ်။ ဒီစိတ်ကို အခြေခံပြီး အဲဒီလူသားနှစ်ဦး ကျရှုံးဖို့ အစီအစဉ်ချမှတ်ပြီး တိုက်ခိုက်ခဲ့တဲ့အတွက်၊ ထိုလူသားနှစ်ဦးဟာ ဘုရားရှင်နဲ့ မိတ်သဟာယဖွဲ့မှု ပျက်ပြားရခဲ့ပြီး၊ စာတန်ဟာ အောင်ပွဲခံယူနိုင်ခဲ့ပါတယ်။ ဒီလိုစာတန်ဆီက လာတဲ့ မနာလိုစိတ်၊ ငြူစူစိတ်ဟာ လူရဲ့ နှလုံးသားထဲမှာ ရှိပြီး၊ ဒီလူတွေဟာ တခြားသူများ ကောင်းစားပြီး ပျော်ရွှင်နေတာကို မြင်ရယင်၊ အဲဒီပျော်ရွှင်မှုကို ဖျက်ဆီးတတ်ပါတယ်။ "ခင်ပွန်းကို မယုံသော စိတ်သဘောသည် မရဏာ နိုင်ငံနှင့် အမျက်ဘန်ပါ၏" (ရှောလမုန် သီချင်း၊ ၈း ၆)။ မကောင်းတဲ့ အကြံအစည်များကို စိတ်နှလုံးမှာ ဖြစ်ပေါ်လာစေရုံသာမက၊ လူသတ်မှုကို ပါကျူးလွန်စေတတ်ပါတယ်။

Copyright ANGP

တချို့ အိမ်ထောင်ပြုသူများဟာ ဒီစိတ်ကြောင့် ပျက်စီးသွားရကြပါတယ်။ စီးပွားရေး လောကနှင့်တကွ၊ အခြား ကဏ္ဍများမှာလည်း ပြောမကုန်လောက်တဲ့ စိတ်ဆင်းရဲမှု၊ မုန်တီးမှုများဟာလည်း ဒီစိတ်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါတင် မကသေးပဲ ခရစ်ယာန် အမှုတော်ဆောင်များ ကြားမှာပင်

မိမိတို့ထက် အခြားသူတို့ကို ဘုရားသခင် သုံးသောအခါ **မနာ**
လိုစိတ်များ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒါကြောင့် ဒီသ**ဘော**
**မျိုး** မဝင်ရအောင် အထူးသတိပြုဖို့ လိုသည်သာမက၊ ဖြူစင်
တဲ့ ဘုရားရှင်ရဲ့ မေတ္တာဟာ သန့်ရှင်းသော ဝိညာဉ်တော်
အားဖြင့် – ကျွန်ုပ်တို့ရဲ့ နှလုံးထဲမှာ ပြည့်ဝနေဖို့ လိုပါတယ်။
ဒီလိုမဖြစ်ပါက၊ ဘုရားသခင်သည် မိမိတို့အား အသုံးပြုရာ၌
သော်၎င်း၊ မိမိတို့ရဲ့ အမှုဆောင် လုပ်ငန်းမှာ သော်၎င်း၊
စာတန်ဆီက လာတဲ့ မကောင်းသော သဘောများကြောင့်၊
သိရောက်မှု မရှိတော့ပဲ အတားအဆီး ဖြစ်တတ်ပါတယ်။

၇။ **ဖား**။ ။ဖားဟာမြေမှုန့်ကိုစားပြီး အသက်ရှင်တတ်သဖြင့်
လောဘ လွန်ကျူးခြင်းအပြစ်၊ မကောင်းမှုတို့ရဲ့
မူလအမြစ်ဖြစ်တဲ့ ငွေကို တပ်မက်ခြင်း အပြစ်များကို ဖော်ပြ
ပါတယ်(၁ တိ၊ ၆း၁၀)။ ဘွန်ဂိုမြို့မှာရှိတဲ့ ဖားတမျိုးကတော့
ရာပေါင်းများစွာသော ပုရွက်ဆိပ်များကို ဝမ်းဗိုက်ပေါက်ကွဲ
တဲ့အထိ စားတတ်ပါတယ်။ လောဘလွန်ကျူးတဲ့လူဟာ ဆင်းရဲ
သူများ၊ ကူညီမစမှု လိုအပ်သူများကို ပေးကမ်း မစလိုတဲ့
သဘော အလျဉ်းမရှိပဲ၊ လောကဥစ္စာပစ္စည်းများကို တရားတဲ့
နည်းလမ်းဖြစ်စေ၊ မတရားတဲ့ နည်းလမ်းဖြစ်စေ၊ ရနိုင်တဲ့
နည်းလမ်းနဲ့ မိမိအဖို့ကို ရယူသိမ်းဆည်း ထားတတ်ပါတယ်၊
ဒီအရာတွေဟာ တနေ့ပိုးရွ၊ သံချေးဖျက်ဆီးခြင်း ခံရမယ့်
အရာများသာ ဖြစ်ပါတယ်။ ယေရှုက သံချေး၊ ပိုးရွဖျက်ဆီး၍
သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကို မဆည်း

Copyright ANGP

ဖူးကြနင့်။သံချေး၊ ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်း မဖောက်၊ မခိုးမယူရာ၊ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ဆည်းဖူးကြလော့။

အကြောင်းမူကား အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံး ရောက်တတ်၏လို့ မိန့်တော်မူပါတယ်။ (မသဲ၊ ၆း၁၉-၂၂)။ အာခန်နဲ့ သူ့ရဲ့မိသားစုဟာ ရွှေ ငွေ၊ကျောက်သံပတ္တမြား၊အဝတ်အထည်များကို နှစ်သက်တဲ့ အတွက် အသက်ပါ ဆုံးရှုံးခဲ့ရပါတယ် (ယောရှု၊ ၇)။ယေရှုရဲ့ တပည့်တယောက်ဖြစ်တဲ့ ယုဒရှကာရုဒ်ဟာ ငွေကို တပ်မက်တဲ့ သဘောကြောင့် မိမိရဲ့အရှင်ကို ရောင်းစားအပ်နှံခြင်း ပြုမိတဲ့ အတွက် ယူကျုံးမရဖြစ်ပြီး ကိုယ့်ကိုကိုယ် ကြိုးဆွဲချပြီး သေဆုံးရပါတယ်။ ငွေဖြစ်စေ၊ ရွှေဖြစ်စေ ဒီအရာများ သက်သက်ဟာ မကောင်းတဲ့အရာများ မဟုတ်ပါ၊ ဒါပေမယ့် ဒီအရာတွေကို တပ်မက်တဲ့ သဘောဟာ လူတွေရဲ့အထဲမှာရှိပြီး ဒီသဘောဟာ မကောင်းသော သဘောဖြစ်ပါတယ်။

အဆင့်အတန်း မခွဲ၊ လူမျိုးမရွေးပဲ ထောင်ပေါင်းများစွာသော လူယောက်ျား၊ လူမိန်းမတို့ဟာ မြင်းပြိုင်ပွဲ၊ ခွေးပြိုင်ပွဲများမှာ အလောင်းအစား ပြုခြင်းဖြင့် ငွေကို လတ်တလောရလိုတဲ့ မကောင်းတဲ့ သဘောကြောင့် မိမိတို့ရဲ့ အသက်ဘာများသာမက မိမိတို့ရဲ့ မိသားစုများပါ ပျက်စီးယိုယွင်းသွားရပါတယ်။ ဒုက္ခဆင်းရဲ မခံလိုပဲ ချမ်းသာ ကြွယ်ဝလိုတဲ့ သဘောကြောင့် ခိုးယူခြင်း၊ ဒမြတိုက်၍ လူသတ်မှုဖြစ်ရခြင်း၊ မိမိကိုယ်ကို သတ်သေခြင်းတို့ပင် ဖြစ်လာရပါတယ်။ ငွေကို တပ်မက်ခြင်းနဲ့ လောဘလွန်ကျူးခြင်း သဘောများနဲ့ အတူ

Copyright ANGP

ဆက်နွယ်နေတဲ့ သဘောများလည်း ရှိပါသေးတယ်။ နာမည်ကျော်ကြားလိုမှု၊ အာဏာတန်ခိုးရယူလိုမှု စတဲ့ သဘောများဖြစ်ပါတယ်။ ဒီအာဏာရယူလိုတဲ့ သဘောကတော့ နိုင်ငံရေးသဘောအရလူများကိုအုပ်ချုပ်လိုမှု၊ ဒါမှမဟုတ်ဥစ္စာဓနကြွယ်ဝတဲ့အတွက်ဆင်းရဲသားများအပေါ် ဖိစီးချုပ်ချယ်လိုမှု၊ ဘာသာရေးဆိုင်ရာဂဏ္ဍများ၌ ချုပ်ကိုင်လိုမှု၊ ဘုရားသခင်အတွက်မဟုတ်ပဲအသင်း၊ အဖွဲ့အစည်း တခုအတွက် စိတ်ဓာတ်ပြင်းထန်မှု အသင်းတခုတည်းကိုသာအစွဲမရှိပဲ ခရစ်တော်နောက်သို့ရဲရင့်စွာ လိုက်ရှောက်သူကို စီရင်ခြင်း စတဲ့ သဘောများဖြစ်ပါတယ် (မာကု။ ၉း၃၈)၊

ယေရှုက "လောဘလွန်ကျူးခြင်းကို သတိနှင့် ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိသော်လည်း စည်းစိမ်၌ အသက်မတည်" ဟု မိန့်တော်မူ၏ (လုကာ၊ ၁၂း၁၅)။ ဥစ္စာစည်းစိမ်ရှိတဲ့ လူမိုက်ဘယောက်အကြောင်း ဖော်ပြလိုပါတယ်။ သဌေးတဦး၌ မြေကောင်း၍ အသီးအနှံများလှ၏။ ထိုသဌေးက ငါသည် အဘယ်သို့ ပြုရ၎ည်နည်း၊ အသီးအနှံများကို သိုထားစရာအရပ်မရှိ။ ပြုမည်အကြံမူကား ငါ့တိုက်များကို ဖျက်၍ ကျယ်သောတိုက်တို့ကို တည်ပြီးမှ ငါ၏အသီးအနှံ ဥစ္စာရှိသမျှတို့ကို သိုထားမည်။ ငါ့ဝိညာဉ်အားလည်း အချင်းဝိညာဉ်၊ သင့်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာ နေလော့။ စားသောက်ခြင်း ပျော်မွေ့ခြင်းကို ပြုလော့၊ ငါပြောမည်ဟု သဌေး အကြံရှိ၏

Copyright ANGP

ထိုသို့အကြံရှိစဉ်တွင် ဘုရားသခင်က အချင်း လူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာ အချိန်ရောက်လိမ့်မည်၊ သို့ဖြစ်၍ သင်သည် ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူပိုင်မည်နည်းဟု သဌေးအား မိန့်တော်မူ၏။ ထို့အတူ ကိုယ်အဖို့ဘဏ္ဍာများကို ဆည်းဖူး၍ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူ မည်သည်ကား ထိုသဌေးနှင့်တူသည်ဟု သခင်ယေရှုက မိန့်တော်မူ၏ (လုကာ ၁၂း၁၆-၂၁) လူသည် ဤစကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက် ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း (မာကု၊ ၈း၃၆)။ ထို့ကြောင့် သင်တို့သည် အဘယ်သို့ စားရမည်ဟူ၍ အသက်အဖို့ မစိုးရိမ်ကြနှင့်၊ အဘယ်သို့ ဝတ်ရမည်ဟူ၍ ကိုယ်အဖို့မစိုးရိမ်ကြနှင့်။ သင်တို့မူကား ဘုရားသခင်၏ နိုင်ငံတော်ကို ရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ ပေးတော်မူလတ္တံ့။ အကြောင်းမူကား အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့စိတ်နှလုံး ရောက်တတ်၏။ (လုကာ။ ၁၂း၂၂-၃၄)။

၈။ **စာတန်**။ ။စာတန်ဟာ လိမ်ညာတဲ့သူ အားလုံးရဲ့အဘ ဖြစ်ပြီး မုသားကိုသုံးတဲ့သူတွေရဲ့အဘလည်း ဖြစ်တယ်၊ အပြစ်အမျိုးမျိုးကို လုပ်စေရန် နှိုးဆွပေးသူ ဖြစ်ရုံသာမက၊ လူ့စိတ်နှလုံးကို အုပ်စိုးနေတဲ့သူလည်း ဖြစ်ပါတယ်။ ယေရှုက "သင်တို့သည် သင်တို့၏ အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်ဘတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်

Copyright ANCP

သောသူဖြစ်၏။ သူ၌သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကို ပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏ အဘလည်း ဖြစ်၏ဟု မိန့်တော်မူပါတယ်။ (ယော၊ ၈း၄၄)။သေးငယ်တဲ့အမှုမှာ လိမ်ညာခြင်းဟာ ကြီးတဲ့အမှုမှာ လိမ်ညာသလိုပဲ အပြစ်ကြီးပါတယ်။

လိမ်ညာတဲ့ စကားများ၊ စာပေများနဲ့ အပြုအမူများ ရှိပါတယ်။ သူတော်ကောင်း ဟန်ဆောင်တဲ့သူဟာ လူလိမ်လူညာပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကိုယ်အမှန်မဟုတ်တာကို ဟုတ်ဟန်ဆောင်လို့ ဖြစ်ပါတယ်။ ဘုရားရှင်ဟာ မုသားကို မသုံးပါ။ ခရစ်ယာန်များလည်း မုသားကို မသုံးရပါ (တိတု၊ ၁း၂)။ "ငါတို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ပြီဟုဆိုလျက် မှောင်မိုက်၌ ကျင်လည်လျှင် သစ္စာတရားကို မကျင့်၊ မုသားကို သုံးသောသူ ဖြစ်ကြ၏။ (၁ ယော၊ ၁း၆)။ ပြင်၌ကား ခွေးဖြစ်သောသူ၊ ပြုစားသောသူ၊မတရားသော မေထုန်၌ မှီဝဲသောသူ၊ လူအသက်ကို သတ်သောသူ၊ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကို နှစ်သက်၍ ပြုသောသူ အပေါင်းတို့သည် ရှိကြ၏။ (ဗျာ၊ ၂၂း၁၅)။ မုသားစကားကို ပြောပြီး၊မမှန်သော သက်သေကို ခံတဲ့သူကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူပါတယ်။ (သုတ္တံ၊ ၆း၁၉)။

**၉။ ကြယ်** - လူတိုင်းရဲ့ နှလုံးထဲမှာ ရှိတဲ့ ဩတ္တပ္ပစိတ်ကို ပြောလိုပါတယ်။ ပုံထဲမှာပြထားတဲ့ ကြယ်ဟာ

Copyright ANGP

မှောင်မိုက်နေရတဲ့ အကြောင်းကတော့ အပြစ်ကိုသိလျက်နဲ့ ဆက်လက်ပြီး ပြုကျင့်တဲ့အတွက် ဆိုးယုတ်ညစ်ညူးပြီး သေနေသကဲ့သို့ ဖြစ်နေတဲ့ ဩတ္တပစိတ်ကို ဖော်ပြနေပါတယ်။ ဒီလို ဩတ္တပစိတ်ဟာ ဉာဏ်မျက်စိကန်းလျက်ရှိပြီး ဖောက်ပြန်လျက်ရှိနေတဲ့အတွက် ဒီလူဟာ မိမိလုပ်ဆောင်မှုတွေကို အမှားအမှန် မပိုင်းခြားနိုင်တော့ပါ။ ဒီလိုညစ်ညူးနေတဲ့ ဩတ္တပစိတ်ဟာ တခါတရံ တိတ်ဆိတ်နေတတ်ပြီး တခါတရံ ဒုက္ခပေးလာတတ်ပါတယ်၊ ခွင့်လွှတ်ရမယ့် အခါမှာ စွပ်စွဲနေတတ်ပြီး စွပ်စွဲရမယ့်အခါမှာ ခွင့်လွှတ်နေတတ်ပါတယ်၊ ဒီလိုဩတ္တပစိတ်မျိုးကြောင့် ယုံကြည်ခြင်းလမ်းမှ လွဲချော်သွားတတ်ပါတယ်။ လှည့်ဖြားသွေးဆောင်တတ်တဲ့ ဝိညာဉ်ဆိုးများနောက်ကို လိုက်ပါသွားတတ်ပြီး မိစ္ဆာအယူဝါဒများကို ခံယူလာကာမုသားကို သုံးစွဲသာလျက် ဟန်ဆောင်မှုကို ပြုတတ်ပါတယ်။

(၁ တိ၊ ၄း၁၊ ၂။ ဟေဗြဲ၊ ၁၀း၂၂)။

၁၀။ **မျက်စိ**။ ။ပုံထဲမှာပါတဲ့ မျက်စိကတော့ ဘုရားရှင်ဟာ လူ၏စိတ်နှလုံးထဲမှာဖြစ်ပျက်နေသမျှအားလုံးကို မြင်တွေ့နေကြောင်း ဖော်ပြပါတယ်။ မီးလျှံကဲ့သို့သော ဘုရားရှင်၏ မျက်စိတော်ရှေ့မှာ ဘယ်အရာမျှ ထိန်ပုန်း၍ မရနိုင်ပါ။ ဘုရားရှင်ဟာ လူ၏စိတ်နှလုံးထဲမှာရှိတဲ့ လျှို့ဝှက်စွာ စဉ်းစားချက်များ၊ ကြံစည်ချက်များ အားလုံးကို မြင်တွေ့သိရှိပါတယ်၊ ကျွန်တော်တို့ဟာ ဆိုးညစ်နေတဲ့အမှုတွေကို အမိုက်ဆုံးသော ညဉ့်နက်အခါမှာ ပြုသည်ဖြစ်စေ၊ အထူးသပ်ဆုံး

Copyright ANGD

သော တောထဲမှာ ပြုသည်ဖြစ်စေ၊ အနက်ဆုံးသော တွင်းထဲမှာပြုသည်ဖြစ်စေ၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ဘုရားရှင်မြင်တွေ့တော်မူပါတယ်။(ပုံတွေထဲမှာပါတဲ့ မျက်စိဟာ လူမျက်နှာရဲ့ အသွင်သဏ္ဌာန်နဲ့ လိုက်လျောညီတွေ ဖြစ်နေပါတယ်။)

**၁၁။ လျှာကဲ့သို့သော မီးလျှံကလေးများ။** ။လူ၏ စိတ်နှလုံး ပတ်လည်မှာရှိတဲ့ မီးလျှံကလေးများဟာ အပြစ်နဲ့ပြည့်ဝတဲ့ စိတ်နှလုံးကို ဝန်းရံထားတဲ့ ဘုရားရှင်ရဲ့ မေတ္တာတော်ကို ဖော်ပြနေပါတယ်။ ဘုရားရှင်ဟာ အပြစ်ကို ရွံမုန်းပေမယ့် လူကိုတော့ ချစ်တဲ့အတွက် အပြစ်သားတယောက်ဟာ ပျက်စီးဆုံးရှုံးသွားမှာကို မလိုလားပါ။ အပြစ်သားဟာ နောင်တရပြီး ကယ်တင်ခြင်းကို ရရှိဖို့ ဘုရားသခင် လိုလားပါတယ်။ သခင်ယေရှုဟာ အပြစ်သားများကို ကယ်တင်ဖို့ ကြွလာခြင်း ဖြစ်ပါတယ်။ နောင်တရတဲ့ အပြစ်သားတယောက်အတွက် ကောင်းကင်ဘုံမှာကြီးစွာသော ဝမ်းမြောက်ခြင်းဖြစ်ပါတယ်။ဒီမီးလျှံကလေးတွေဟာ ယေရှုခရစ်တော်ရဲ့ အသွေးတော်ကိုလည်း ဖော်ပြပါတယ်ယေရှုခရစ်တော်ဟာ ဒီလောကရဲ့အပြစ်ကို ဆောင်ယူသွားတဲ့ဘုရားရှင်ရဲ့ သိုးသငယ်တော် ဖြစ်ပါတယ်။

၁၂။ ကောင်းကင်တမန်။ ။ကောင်းကင်တမန်ဟာ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ပဲဖြစ်ပါတယ်။ ဘုရားရှင်ဟာ လမ်းမှားနေသော အပြစ်နဲ့ပိနေသော ယောကျ်ား၊ မိန်းမတိုင်းကို စကားပြောနေပါတယ်။လူတိုင်း

Copyright ANGP

နောင်တရပြီး ဘုရားရှင်ရဲ့ မေတ္တာတော်နဲ့ အလင်းကို တဦး စီရဲ့ စိတ်နှလုံးထဲမှာ ရှိစေလိုပါတယ်။

၁၃။ **ချိုးငှက်။** ။ချိုးငှက်ဟာ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လက္ခဏာဖြစ်ပြီး၊ အပြစ်ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်းတို့ကို ဖော်ပြတဲ့ သမ္မာတရားနဲ့ပြည့်စုံတဲ့ ဝိညာဉ်တော်ပဲ ဖြစ်ပါတယ်။ ပုံထဲမှာ သန့်ရှင်းသော ဝိညာဉ်တော်ဟာ လူ၏စိတ်နှလုံး အပြင်ဘက်မှာ ရှိနေပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဟာ အပြစ်တရား အုပ်စိုးတဲ့ နေရာမှာ မနေနိုင်ပါ။

ဒီပုံဟာ မိတ်ဆွေရဲ့ စိတ်နှလုံးကို ဖော်ပြနေသကဲ့သို့ ခံစား နေရပါက ဘုရားရှင်ထံ အော်ဟစ်ပါ။ သင့်စိတ်နှလုံးကို ဘုရား ရှင်အား ဖွင့်ပေးခြင်းဖြင့် နှုတ်ကပတ်တော် အလင်းဝင်ရောက် လာပါစေ။

Copyright ANGP

## ဒုတိယရုပ်ပုံ


ဒီပုံဟာ နောင်တရပြီး၊ ထာဝရဘုရားရှင်ကို ရှာတဲ့လူရဲ့ စိတ်နှလုံးပုံပဲ ဖြစ်ပါတယ်။ ကောင်းကင်တမန်ဟာ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ ဓားကို ကိုင်ဆွဲထားပါတယ်။ ဒီနှုတ်ကပတ်တော်ဟာ၊ "အသက်ရှင်ခြင်း၊ တန်ခိုးနဲ့ ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနဲ့ ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ် ကိုလည်းကောင်း၊ အရိုးအဆစ်နှင့် ခြင်ဆီကိုလည်းကောင်းပိုင်းခြား၍ ထုတ်ခြင်းခွင်းတတ်၏။ စိတ်နှလုံး အကြံအစည်များကိုလည်း သိမြင်တတ်၏။ (ဟေဗြဲ၊ ၄း၁၂)။ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်က ကျွန်တော်တို့ကို သတိပေးထားပါတယ်။ "အပြစ်တရား၏ အခကား၊ သေခြင်းပေတည်း။ လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်ခြင်းကို ခံရမည်" (ဟေဗြဲ၊ ၉း၂၇)၊ အပြစ်သားများနဲ့ မယုံကြည်သူများဟာကန့်နှင့်လောင်သော မီးအိုင် ငရဲထဲသို့ ပစ်ချခြင်း ခံရမည်။

ကောင်းကင်တမန်ရဲ့ နောက်လက်တဘက်ထဲမှာဦးခေါင်းခွံ တခုကို ကိုင်ထားပါတယ်။ အဓိပ္ပာယ်ကတော့၊ အပြစ်သားများ ဖြစ်တဲ့ကျွန်တော်တို့ အားလုံးတနေ့ သေရမယ်ဆိုတာကို သတိပေးနေခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အလွန်ချစ်ခင်ဘွယ်တာတဲ့ ဒီကိုယ်ခန္ဓာကြီးကို အဝတ်ဝတ်ပေးခြင်း၊ ကောင်းကောင်းကျွေးခြင်း၊ လှပအောင် ချယ်သပြီး လိုအပ်တဲ့ ပြုစုမှုမှန်သမျှကို ဂရုတစိုက် လုပ်ပေးပြီး၊ ဒီကိုယ်ခန္ဓာကြီးရဲ့ တပ်မက်

Copyright ANGP

မှု၊ တောင့်တမှုတွေကို ဖြည့်စွမ်းပေးပေမယ့် နောက်ဆုံးမှာ တော့ သေကြေပျက်စီးပြီး၊ ပိုးလောက်များကိုက်စားခြင်းခံရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်ုပ်တို့ရဲ့ စိတ်ဝိညာဉ်ကတော့၊ ထာဝရအသက်ရှင်ပြီး တနေ့ကျရင် ဘုရားရှင်ရဲ့ တရားစီရင်ရာ ပလ္လင်ရှေ့မှာ ပေါ်လာရပါမယ်။

Copyright ANGP




Copyright: AN

# ၂။ ကိုယ့်အပြစ်ကိုမြင်၍ဘုရားသခင်အား ဆက်ကပ်အပ်နှံသော သူ၏စိတ်နှလုံး

ဒီပုံမှာ အပြစ်သားဟာ ဘုရားရှင်ရဲ့ ဟောပြောချက်ကို စတင်ဂရုစိုက်လာပြီး ဘုရားရှင်ရဲ့မေတ္တာတော်ကိုလည်း မိမိရဲ့ စိတ်နှလုံးထဲမှာ ခံယူလိုတဲ့စိတ် ရှိလာပါပြီ။ သန့်ရှင်းသော ဝိညာဉ်တော်ဟာလည်း ဒီလိုအပြစ်နဲ့ပြည့်ပြီး မှောင်မိုက်တဲ့ နှလုံးကို အလင်းပေးနေပါပြီ။ ဘုရားရှင်ရဲ့ ရောင်ခြည်တော် ဟာ သူ့ရဲ့ဗိမာန်တော်ထဲမှာရှိတဲ့ မှောင်မိုက်ကို ပျောက်လွင့် စေဘို့ ဝင်ရောက်လာပါပြီ။ ဘုရားရှင်ရဲ့အလင်းဝင်ရောက်လာ ရင် အမှောင်ထုဟာ အမှန်ပျောက်ကွယ်ရပါမယ်။ တိရစ္ဆာန် အမျိုးမျိုးအားဖြင့် ပုံပမာပြုထားတဲ့ အပြစ်တရားဟာလည်း ထွက်ပြေးသွားရပါမယ်။ ဒါကြောင့် ဒီစာအုပ်ကိုဖတ်နေတဲ့ မိတ်ဆွေကို ပြောကြားလိုတာကတော့၊ လောကရဲ့ အလင်း ဖြစ်တဲ့ ယေရှုကို မိတ်ဆွေရဲ့ စိတ်နှလုံးထဲ ဝင်ခွင့်ပြုပါ။

မှောင်မိုက်နဲ့ မှောင်မိုက်ထဲမှာ ပြုတဲ့ဒုစရိုက်အပြစ်တို့ဟာ ပုံထဲမှာ ဖော်ပြထားတဲ့အတိုင်းပဲ မိတ်ဆွေရဲ့ စိတ်နှလုံး ထဲမှ ထွက်ခွာ သွားရပါလိမ့်မယ်။ ယေရှုက "ငါသည် ဤ လောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ အသက်၏အလင်းကို ရလိမ့်မည်" ဟု မိန့်တော်မူပါတယ် (ယော။ ၈း၁၂)။ မိတ်ဆွေရဲ့စိတ်နှလုံး ထဲမှာရှိတဲ့ မှောင်မိုက်ကို မိမိရဲ့ကြိုးစားအားထုတ်မှု၊ ဉာဏ်

Copyright ANGP

ပညာ၊ အခြားပညာရှိ ပုဂ္ဂိုလ်များရဲ့ အသိဉာဏ်များဖြင့်ပင် ဖယ်ရှား၍ မရနိုင်ပါ။ အရိုးသားဆုံး၊ အသေချာဆုံး၊ အမြန်ဆုံးနဲ့ အထိရောက်ဆုံးဖြစ်တဲ့ တခုတည်းသော နည်းလမ်းကတော့ အလင်းဖြစ်တဲ့ ယေရှုကို ဝင်ခွင့်ပြုဖို့ပါပဲ။ ယေရှု ဝင်ရောက်လာရင် အပြစ်ဆိုတဲ့ မှောင်မိုက်တရားဟာ အမှန်ပဲ ဆုတ်ခွာရပါမယ်။ ကြယ်နဲ့ လရောင်တို့ဟာ မှောင်မိုက်တဲ့ ညမှာအနည်းငယ်သောအလင်းကိုပေးပါလိမ့်မယ်။ ဒါပေမယ့် နေထွက်လာတဲ့ အခါမှာတော့၊ မှောင်မိုက်နဲ့အတူ မှေးမှိန်တဲ့ အလင်းများဟာလည်း ကွယ်ပျောက်သွားရပါတယ်။

ယေရှုဟာ ဖြောင့်မတ်ခြင်းတရားရဲ့ နေမင်းဖြစ်ပါတယ်။ ယေရုရှလင်မြို့မှာရှိတဲ့ ဗိမာန်တော်ထဲ ဝင်ရောက်တဲ့အခါမှာ နွား၊ သိုး၊ ချိုးငှက် စတဲ့ အကောင်များနဲ့ ရောင်းဝယ်နေတဲ့ သူများကို မောင်းထုတ်ပြီး၊ ငွေလဲလှယ်တဲ့ သူတွေရဲ့ စားပွဲများကိုလည်း မှောက်လှန်ပစ်တော်မူပါတယ်။ "ငါ့အိမ်ကို ဆုတောင်းရာအိမ်ဟူ၍ ခေါ် ဝေါ်ကြလတ္တံ့ဟု ကျမ်းစာ၌ လာသော်လည်း၊ သင်တို့သည် ထိုအိမ်ကို ဓားပြတွင်း ဖြစ်စေကြပြီတကား" ဟု မိန့်တော်မူ၏ (မဿဲ ၁:၁၃)။ မိတ်ဆွေရဲ့ စိတ်နှလုံးဟာ ဘုရားရှင်ရဲ့အိမ်၊ ဘုရားရှင်ရဲ့ ဗိမာန်တော်ဖြစ်ဖို့ ဘုရားရှင်ရည်ရွယ်ထားပါတယ် ကိုယ်တော်ဟာ အဆွေရဲ့ စိတ်နှလုံးထဲ ဝင်ရောက်ကျိန်းဝပ်လိုပြီး လှပအောင် တန်ဆာ ဆင်လိုပါတယ်။ အလင်းရောင်၊ မေတ္တာ၊ ဝမ်းမြောက်ခြင်းတို့နဲ့ ဖြည့်ပေးပြီး၊ ပြည့်ဝစေလိုပါတယ်။ ယေရှုဟာ ကျွန်တော်တို့ရဲ့ အပြစ်များကို ဖြေလွှတ်ပေးဖို့ရန်

Copyright ANGP

သားမက၊ အပြစ်ရဲ့တန်ခိုးနဲ့ အုပ်စိုးမှုအောက်ကပါ ရွေးနှုတ်ကယ်တင်ဖို့ ကြွလာခြင်းဖြစ်ပါတယ်။ "ထို့ကြောင့် သားတော်(ယေရှု)သည် သင်တို့ကို လွှတ်လျှင်၊ သင်တို့သည် ဧကန်အမှန် လွတ်ကြလိမ့်မည်" (ယော။ ၈း၃၆)။

## တတိယရုပ်ပုံ


ဒီရုပ်ပုံကတော့ စစ်မှန်တဲ့ နောင်တရတဲ့ လူရဲ့စိတ်နှလုံး အခြေအနေကို ဖော်ပြနေပါတယ်။ ဒီလူဟာ လက်ဝါးကပ်တိုင်ပေါ် အရှင်ယေရှုအသေခံခဲ့တဲ့ မိမိအပြစ်များဟာ ဘယ်လောက်ကြီးမားပြီး၊ ရွံရှာဖွယ်ကောင်းတယ် ဆိုတာကို မြင်တွေ့လာပါတယ်၊ ဘုရားရှင်ရဲ့နှုတ်ကပတ်တော်ကိုပုံဆောင်တဲ့ ကောင်းကင်တမန်ရဲ့ဖွင့်ပြချက်အတိုင်း လက်ဝါးကပ်တိုင်ကို မြင်တွေ့လာရတဲ့အခါ သူ့ရဲ့ နောင်တရနေတဲ့ စိတ်နှလုံးဟာ ကျိုးပဲ့ပြီး၊ သူပြုခဲ့တဲ့ အပြစ်များအတွက် စိတ်နှလုံးအတွင်းမှ ပြင်းပြတဲ့ ပူဆွေးခြင်း၊ ဝမ်းနည်းကြေကွဲခြင်း ဖြစ်လာပါတော့တယ်။

ဒါတင်မကသေးပဲ ယေရှုခရစ်အားဖြင့် ဖော်ပြတဲ့ဘုရားသခင်ရဲ့ ကြီးမားတဲ့ မေတ္တာတော်ကို သိရှိခံစားလာရဒါနဲ့အမျှ၊ ဒီမေတ္တာတော်ဟာသူ့စိတ်နှလုံးကို အလွန့်အလွန် ထိခိုက်စေပါတယ်။ အထူးသဖြင့် ဘုရားသခင်ရဲ့ သားတော်ဖြစ်တဲ့ ယေရှုခရစ်ဟာ သူပြုခဲ့တဲ့ များစွာသော အပြစ်

များအတွက် ကျိန်ခြင်းကိုခံရတဲ့ သစ်တိုင်ပေါ်မှာ၊ မငြင်းဆန်ပဲ မိမိဆန္ဒအလျောက် သူ့ကိုယ်စားအသေခံခဲ့ကြောင်းကို နားလည် လာရတာနဲ့အမျှ၊ သူ့စိတ်နှလုံးဟာ ပို၍ကြေကွဲရပါတော့တယ်။

ကျွန်တော်တို့ရဲ့ အပြစ်များအတွက်ကြောင့်၊ ယေရှုဟာ ရိုက်နှက်ခြင်းခံရပြီး ဆူးဦးရစ်ကို ဆောင်းရကာ၊ ခြေလက်တော်တို့တွင် သံစို့နှင့် ရိုက်နှက်ခြင်းခံရပြီး လက်ဝါးကပ်တိုင်မှာ အသေခံရတယ်ဆိုတဲ့ အချက်ကို စစ်မှန်စွာ နောင်တရတဲ့ အပြစ်သားဟာ ရှင်းရှင်း လင်းလင်းနှင့် နက်ရှိုင်းစွာ နားလည်သိရှိလာပြီး၊ ဒီအချက်ဟာ သူ့ရဲ့အသက်တာနဲ့ စိတ်နှလုံးကို လုံးဝပြောင်းလဲပစ်လိုက်ပါတယ်။

Copyright ANGP




Copyright ANGE

# ၃။ နောင်တရသောလူ၏ စိတ်နှလုံး

ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ကို ဖတ်လာတဲ့အခါ မှန်ထဲမှာမိမိကိုယ်ကို မြင်ရသလိုပဲ၊ မိမိရဲ့ ဝိညာဉ်အခြေနေမှန်ကို တဖြည်းဖြည်းရိပ်စားမြင်တွေ့လာပြီး။ဘုရားရှင်ရဲ့ ပညတ်တော်များကို ဘယ်သို့လွန်ကျူးမိပြီး၊ ဘုရားရှင်ထံမှ မည်မျှဝေးကွာသွားခဲ့ရပုံများကိုလည်း သိလာရပါတော့တယ်။ ဘုရားရှင်နဲ့ ဆိုင်တဲ့အတွင်းမှ ပြင်းပြသော ဝမ်းနည်းကြေကွဲခြင်းမျိုးကို ခံစားလာရပြီး၊ ဘုရားသခင်ရှေ့မှာ မိမိနှလုံးကိုဖွင့်၍၊ မျက်ရည်ဖြင့်ပြင်းစွာ ငိုကြွေးလာဒါနဲ့ အမျှ၊ ယေရှုဟာလည်း သူ့ဆီကို ချဉ်းကပ်လာပါတယ်။ (၁ ယော၊ ၁း ၇) မှာ ပါတဲ့အတိုင်း "ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" ဆိုတဲ့နှုတ်ကပတ်တော်စကားကို သိရှိနားလည်ခံစားလာတာနဲ့အမျှ၊ ဘုရားရှင်ရဲ့ မေတ္တာနဲ့ ငြိမ်သက်ခြင်းဟာလည်း သူ့ရဲ့ စိတ်နှလုံးထဲကို ဝင်ရောက်လာပါတယ်။

"ထာဝရဘုရားသည် ကျိုးပဲ့သော စိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏" (ဆာလံ၊ ၃၄း၁၈)။ ထပ်မံ၍ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ဖွင့်ပြချက်မှာ "စိတ်နှလုံးနှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်း ရှိသောသူတို့ကိုသာ ငါကြည့်ရှုမည်"(ဟေရှာ၊ ၆၆း၂)

Copyright ANGP

ယေရှု၏ စကားတော်များဖြင့်တဲ့ "သား(သမီး၊) ဝမ်းမြောက်ခြင်းရှိပါ၊ သင့်အပြစ်များကို လွှတ်စေပြီ" ဆိုတဲ့စကားသံများကို သန့်ရှင်းသော ဝိညာဉ်တော်က ဖြေးညှင်းစွာ မိန့်မြွက်သံကို ကြားလာရပါတယ်။ လက်ဝါးကပ်တိုင်ကို ကြည့်မျှော်ပြီး၊ လက်ဝါးကင်တိုင်ပေါ်မှာ သွန်းခဲ့တဲ့ ယေရှုအသွေးတော်ကို ဆက်လက်အာရုံပြုသည်သာမက၊ ဒီအရာအားလုံးဟာ သူ့အတွက် ဖြစ်တယ်ဆိုတာ ယုံကြည်တာနဲ့အမျှ၊ အပြစ်ဝန်ထုပ်လည်း ဖယ်ရှားခြင်း ခံရပြီဆိုတာ သိလာပါတယ် ဘာကြောင့်လဲဆိုတော့ ယေရှုဟာ ကျွန်တော်တို့ရဲ့ စိတ်ပျက်ဝမ်းနည်း ပူဆွေးခြင်းများကို သူ့အပေါ်မှာ ဆောင်ယူသွားခဲ့ပါပြီ၊ "ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ထာဝရဘုရားသည်၊ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။" (ဟေရှာယ၊ ၅၃း၅၊၆)။

သန့်ရှင်း စင်ကြယ်လာတဲ့ စိတ်နှလုံးတွင်းသို့ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ဘုရားရှင်ရဲ့ မေတ္တာတော်ဟာ ဝင်ရောက် နေရာယူလာပါတယ်။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် မြော်ကြည့်လာတာဒါနဲ့အမျှ သူ့ရဲ့ အပြစ်အားလုံးဟာ လွတ်ပြီဆိုတာသိလာပါတယ်။ ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော်အားဖြင့် သူ့အပြစ်ရှိသမျှကို ဆေးကြောပြီဆိုတဲ့ (၁ ယော၊၁း၇) မှာပါရှိတဲ့ အပြစ်လွှတ်ခြင်း စိတ်ချမှု အာမခံချက် ကိုရလာပါတယ်။ (ယော၊၃း၁၆) မှာပါတဲ့ "ဘုရားသခင်၏ သားတော်ကို



Copyright ANGP

ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်" ဆိုတဲ့ ကတိတော်ကိုလည်း သူစိတ်ချလာတယ်။

ယေရှုခရစ်အားဖြင့် ခပ်သိမ်းသော သတိပညာတော်နှင့် လျှော်စွာ ငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့် အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော် မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏ (ဧဖက်၊ ၁း၇)။ သွေးသားတပ်မက်ခြင်းနဲ့ အလိုဆန္ဒပြင်းပြခြင်းကိုစွန့်ပြီး၊ ဘုရားသခင်ကိုသာ ရှေ့ဦးစွာ ချစ်တဲ့အတွက် အစေခံလိုတဲ့ ဆုံးဖြတ်ချက်ကို ချလာပါတော့တယ်။လောကနဲ့လောကမှာရှိတဲ့ အရာများအစား၊ ဘုရားရှင်နဲ့စပ်ဆိုင်တဲ့အရာများကိုသာ ချစ်မြတ်နိုးလာပါတော့တယ်။


Copyright ANGP

ဒါကြောင့် ဒီရုပ်ပုံမှာ၊ အပြစ်ကို ပုံဆောင်တဲ့ တိရစ္ဆာန်များဟာ စိတ်နှလုံးရဲ့ အပြင်ဘက်ထွက် နေပြီး၊ စာတန်ဟာလည်း ထွက်ခွာသွားရပေမယ့် သိပ်မကျေနပ်တဲ့ ပုံနဲ့ သူ့ရဲ့နေရာဟောင်းကို ပြန်ရလိုရငြား မျှော်လင့်ချက်နဲ့ နောက်ပြန်ကြည့်နေပြီး၊ ဝင်ပေါက်ကို ရှာနေတဲ့ အသွင်ကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့်လည်း သခင်ယေရှုက-သတိနှင့် ဆုတောင်းခုခံခြင်းဖြင့် စာတန်ကို ကျွန်ုပ်တို့ထံမှ ထွက်ပြေးသွားစေဖို့ မိန့်မှာထားခဲ့ပါတယ်။

## စတုတ္တရုပ်ပုံ

ဒီရုပ်ပုံကတော့၊ ကျွန်တော်တို့ရဲ့ အရှင်သခင်နဲ့ ကယ်တင်ရှင်ဖြစ်တဲ့ ယေရှုခရစ်အားဖြင့် ငြိမ်သက်ခြင်းနဲ့ ကယ်တင်ခြင်းကို ရရှိတဲ့ ခရစ်ယာန် တယောက်ကို ပုံဆောင်ပါတယ်။ ဒီခရစ်ယာန်ဟာ တခြားဘယ်အရာ၌မှ မဝါကြွားတော့ပဲ၊ "ယေရှုခရစ်၏ လက်ဝါးကပ်တိုင်၌သာ ဝါကြွား၍ လောကသည်လည်း သူ့အဖို့ ထိုလက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်း ခံရပါပြီ" (ဂလာ၊ ၆း၁၄)။ ကျွန်တော်တို့ဟာ အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း ယေရှုခရစ်သည် လက်ဝါးကပ်တိုင်မှာ အသေခံခဲ့ရပါတယ် (၁ ပေ၊ ၂း ၂၄)။ တနည်းအားဖြင့် လောကကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားတဲ့ ခရစ်ယာန်ဖြစ်တယ်။ (ဂလာတိ၊ ၅း၁၆၊ ၂၅) မှာပါတဲ့ ကျွန်ုပ်တို့အား ပေးထားသော ပညတ်ကတော့ "ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့၊ ထိုသို့ကျင့်လျှင် ဇာတိ ပကတိ၏ အလိုသို့ မလိုက်ပဲ နေကြလိမ့်မည်။"

Copyright ANGP


30
4

# ယေရှုနဲ့ အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ

အရှင်ယေရှုရဲ့ အဝတ်တော်ကိုချွတ်ပြီးနောက်ကိုယ်တော်ကို ဘုပ်နှောင်ထားတဲ့ ကျောက်တိုင်လုံးကို ဒီနှလုံးပုံ တွင် မြင်ရသည့် အပြင်၊ ကိုယ်တော်ကို ရိုက်နှက်တဲ့ ကြာပွတ်နဲ့ ကြိမ်ဒုတ်များ ကိုလည်း တွေ့ရှိရပါတယ်။ "ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည်သူ့အပေါ်သို့ ရောက်၍သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။" ဟေရုဒ်နဲ့ သူ့ လူများဟာ ကိုယ်တော်ကို ပြောင်လှောင်ကြတယ်။ ကြိမ်နဲ့ ကိုယ်တော်ကို ရက်ရက်စက်စက် ရိုက်နှက်ပြီးတဲ့အခါ၊ ဦးခေါင်းတော်ပေါ်မှာ ရွှေသရဖူကို ဆောင်းပေးရမယ့် အစား ဆူးဦးရစ်ကို စွပ်ပေးကြတယ်။ ရှင်ဘုရင်တို့၏ ရွှေရာဇလှံတံ အစား ကျူရိုးတံကို ကိုင်တွယ်စေပြီး၊ ရှေ့တော်မှာ ဦးညွှတ်သလို ပြုကြပြီး၊ "ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်း" ဟူ၍ ကိုယ်တော်ကို ပြက်ရယ်ပြုကြတယ်။ ပြီးနောက်ကိုယ်တော်ကို တံတွေးနဲ့ ထွေးကြတယ်။ ကျူလုံးကို ယူပြီး ခေါင်းတော်ကို ရိုက်ကြတယ်။ ဒီလို ကြမ်းတမ်းစွာနဲ့ အရှက်တကွဲဖြစ်အောင် သရော်ပြီးနောက်၊ လက်ဝါးကပ်တိုင် မှာ တင်သတ်ဘို့ ကိုယ်တော်ကို ထုတ်ဆောင် သွားပါတယ်။

အမည်ခံ ခရစ်ယာန်အများဟာ ဘုရားကျောင်း(အသင်းတော်)သို့သွားပြီး ဆုတောင်းကြပါတယ်။ ပွဲတော် မင်္ဂလာကိုလည်း ဝင်သည်သာမက ဓမ္မသီချင်းများ ဆိုလျက်နှင့်ပင် မိမိတို့၏ မကောင်းမှု ဒုစရိုက်များဖြင့် မိမိတို့ရဲ့ ကယ်တင်ရှင်ကို နောက်တဖန် လက်ဝါးကပ်တိုင်မှာ တင်သတ်နေကြပါတယ်။ 'သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်ကို ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့အဘခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်''ဟု သခင်ယေရှုက မိန့်တော်မူပါတယ်။

(မသဲ၊ ၇း၂၁)၊

ဒီပုံမှာ ယုဒရှုကာရုတ်ရဲ့ ငွေအိတ်ကိုလည်း တွေ့ရပါလိမ့်မယ်။ သူဟာ ငွေကိုတပ်မက်တဲ့အတွက် ဉာဏ်မျက်စိမဲ့မှောင်ကာ အသိဉာဏ် ကင်းမဲ့လာပြီး သခင်ယေရှုကို ငွေသုံးဆယ်နဲ့ ရောင်းစား အပ်နှံခဲ့ပါတယ်။ မီးအိမ်၊ သံကြိုးစတဲ့အရာတွေကတော့၊ ယေရှုကို ဖမ်းဆီးသွားတဲ့ညဥ့်မှာ ရောမစစ်သားများအသုံးပြုခဲ့တဲ့ အရာများဖြစ်ပါတယ်။ အန်စာတုံးများကတော့ လောင်းကစားတဲ့အခါ အသုံးပြုလေ့ရှိပြီး၊ ရောမစစ်သားများ ယေရှုရဲ့ အဝတ်တော်ကိုစာရေးတံချတဲ့အခါမှာ အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်၊ ဒီအချက်ဟာ ဗျာဒိတ်တော်စကားကို ပြည့်စုံစေခဲ့ပါတယ်၊ "အကျွန်ုပ် အဝတ်ကို အချင်းချင်းဝေဖန်၍ အကျွန်ုပ်အင်္ကျီကို စာရေးတံ ချကြပါ၏" (ဆာလံ၊ ၂၂း၁၈)၊ ယေရှုမှာရှိတဲ့ အရာအားလုံးကို သူတို့ယူပစ်ကြပေ

Copyright ANGP

မဲ့၊ ကိုယ်တော်ကိုတော့ “ဒီလူကို ငါတို့အပေါ်မှာ အုပ်စိုးခြင်းမခံဘူး’ဟု ပြောဆိုပြီး ငြင်းပယ်ခဲ့ပါတယ်။

လူသားတွေဟာ ယေဘုယျသဘောအားဖြင့် ဘုရားရှင်ထံမှ ကောင်းကြီး မင်္ဂလာများကိုလည်းကောင်း၊ မိုးရေ၊ နေပူရှိန်တို့ကိုလည်းကောင်း၊ အရလိုချင်တဲ့ ဆန္ဒရှိသော်ငြားလည်း ဘုရားရှင်ရဲ့ အုပ်စိုးမှုကိုတော့ အပြည့်အဝ ခံယူလိုစိတ် မရှိကြပါ။ များစွာသောလူတွေဟာ ဒုက္ခနဲ့ တွေ့ကြုံချိန် စိတ်ပျက်ချိန်များ၌သာ ဘုရားကို အလေးထားတတ်ကြပါတယ်။

“စစ်သူရဲတယောက်သည် နံဖေးတော်ကိုလှံနှင့်ထိုးဖောက်၍ သွေးနှင့်ရေသည် ချက်ခြင်းထွက်လာ၏” (ယော၊၁၉း၃၄)။ ကြက်မတွန်မီ ပေတရုဟာ ယေရှုကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမယ့် ပြင်းစွာ ငိုကြွေးပြီး နောင်တရခဲ့ပါတယ်။ မိတ်ဆွေဟာ နှုတ်အားဖြင့်လည်းကောင်း၊ ပြုမူပုံအားဖြင့်လည်းကောင်းယေရှုရဲ့ သက်သေဖြစ်ပါသလား၊ဒါမှမဟုတ် လူတွေရှေ့မှာ ယေရှုကို ဝန်ခံဖို့ ရှက်ကြောက်နေပါသလား။ “အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကို ဝန်ခံအံ့။ ကောင်းကင်ဘုံ၌ ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာငါ့ကို ငြင်းပယ်အံ့။ကောင်းကင်ဘုံ၌ ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်” (မဿဲ၊၁၀း၃၂၊၃၃)။ ယေရှုက၊ “ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ငါ့နောက်သို့မလိုက်သောသူမည်သည်ကား၊ ငါနှင့်မထိုက်မတန်” ဟု (မဿဲ၊ ၁၀း၃၈)မှာ ဖော်ပြထားပါတယ်။ ယေရှု

**ခရစ်တော် တည်းဟူသော ကျောက်ပေါ်မှာ ရပ်တည်သော သူသည် မင်္ဂလာရှိ၏။**

မြဲတည်ကျောက် ကျွန်ုပ်တို့ကွဲ၊
ခိုပါစေကိုယ်တော်အထဲ၊
နံတော်ထဲက စီးရေသွေး၊
ပြစ်ဖြေရှင်းနှလုံးဆေးကြော၊
ကုန်စင်ကယ်တင်ပါစေသော။

**ပဉ္စမရုပ်ပုံ**

အပြစ်သားဆယောက်ဟာ ဘုရားရှင်ရဲ့ သနားခြင်း ကရုဏာတော်နဲ့ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရပြီး စင်ကြယ်သန့်ရှင်းလာတဲ့ စိတ်နှလုံးပုံဖြစ်တယ်။ ဒီစိတ်နှလုံးဟာ ဘုရားရှင်ရဲ့ ဗိမာန်တော်ဖြစ်လာတဲ့အတွက် ခမည်းတော်ဘုရား သားတော်ဘုရား သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကျိန်းဝပ်အရပ်ဖြစ်လာတယ်။ (ယော၊ ၂၄း၂၃) မှာ ဖော်ပြချက်အရ—ယေရှုကလည်း။ ငါ့ကိုချစ်သောသူသည်၊ ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မည်၊ ငါတို့သည်လည်း သူ့ထံသို့ကြွ၍ နေရာချမည်။ (လုကာ၊ ၁း၅၂)မှာတော့၊ ယေရှုခရစ် အားဖြင့် ဘုရားသခင်ဟာလူများ ကိုချီးမြှောက်၍ ကောင်းချီးပေးမယ် ပို့ ပြောထားတယ်။ ဒီစိတ်နှလုံးဟာ ဘုရားရှင်ရဲ့ စံမြန်းတဲ့ ဗိမာန်တော်ဖြစ်လာပါပြီ။ အပြစ်ဟာ ဓောင်းဆုတ်ခဲ့ရတဲ့ အတွက် မုသာရဲ့ အဘစာတန် အုပ်စိုးတဲ့ တိရစ္ဆာန်များနဲ့ ပြည့်နေတဲ့အခြေ၊ အခုသမှာ

Copyright ANGP

တရားနဲ့ ပြည့်စုံတဲ့ ဝိညာဉ်တော်ဟာ ဒီစိတ်နှလုံးထဲမှာ နေရာယူနေပါပြီ။ အပြစ်ပြုပြီး၊ အပြစ်တိုးပွားရာ ဗဟိုချက်ဖြစ်ရာမှ၊ အခုဒီလိုစိတ်နှလုံးဟာ လှပ၍၊ အသီးများသီးတဲ့ သစ်ပင် (သို့) ပန်းဥယျာဉ်လို ဖြစ်လာပါပြီ။

ဒီအသီးတွေကတော့၊ ဝိညာဉ်တော်ရဲ့ အသီးဖြစ်တဲ့ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ နှိမ့်ချခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း။ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တီးခြင်း အစရှိတဲ့ တရားနဲ့ လျှော်ညီသက်တဲ့ အရာများပဲဖြစ်ပါတယ်၊ အခုတော့ ဒီလူဟာ စစ်မှန်သော စပျစ်နွယ် (သခင်ယေရှုခရစ်)ရဲ့ အသီးသီးတဲ့ အကိုင်းအခက်တခုဖြစ်လာပါပြီ။အသီးသီးခြင်းရဲ့ လျှို့ဝှက်ချက်ကတော့၊ ဒီလူဟာခရစ်တော်၌တည်ပြီး၊ ခရစ်တော်နဲ့ သူ့ရဲ့ စကားဟာလည်း ဒီလူမှာတည်လျှက်ရှိတယ် (ယော၊၁၅း၁–၁၀)။ဒီလူဟာသန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝပြီး၊ဝိညာဉ်တော်၌ ဗတ္တိဇံကိုခံထားတဲ့ အတွက် လူဟောင်းကိုစားတိုင်းမှာ အသေခံလိုပြီးဇာတိသဘောနဲ့ သွေးသားတပ်မက်ခြင်းတွေကို ကျော်နိုင်တဲ့ ခွန်အားတန်ခိုးရှိလာတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ အစွမ်းတန်ခိုးကြောင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်နိုင်ပြီး၊ သွေးသားအလိုဆန္ဒကို ကျော်လွှားနိုင်လာတယ်။


ဒီလူဟာ သူမြင်တွေ့၊ကြားနာ၊ခံစားရမှုပေါ်တွင် အသက်မရှင်တော့ပဲ။ ယုံကြည်ခြင်းအားဖြင့်သာ အသက်ရှင်လာတယ်၊

Copyright ANGP

အကြောင်းမှာ ခရစ်တော်ယေရှုကို ယုံကြည်ခြင်းဖြင့် လောကကို အောင်နိုင်ခြင်းဖြစ်တယ်။

မကြာမီပြန်လည်ကြွလာမဲ့ အရှင်ယေရှုခရစ်ကို မျှော်လင့်စိတ်ချပြီး အသက်ရှင်တဲ့အတွက်ကြောင့် သူဟာနိုးကြားတက်ကြွပြီး ဝိညာဉ်ခွန်အားနဲ့ ပြည့်လာတယ်။ အစဉ်မပြတ်တည်တဲ့ ဘုရားသခင်ရဲ့ မေတ္တာအားဖြင့် သူအသက်ရှင်တယ်။

Copyright ANGP


PATER
FILIUS
TRINITAS
SPIRIT SANCTUS
5

# ၅။ ဘုရားသခင်ရဲ့ ဗိမာန်တော်

"စိတ်နှလုံးဖြူစင်သော သူတို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည်ဘုရားသခင်ကို မြင်ရကြလတ္တံ့" (မဿဲ၊ ၅း၈)။ ဒါဝိဒ်မင်းကြီးဟာ များစွာသော ညည်းငိုစရာ ရှိပြီး ပြင်ပရန်သူများကို အောင်မြင်ပေမဲ့ သူ့ရဲ့နှလုံးသားထဲမှာ အကြီးမားဆုံးသောစစ်ပွဲကို တိုက်ခိုက်နေရကြောင်း သိရှိပြီး သူ့ရဲ့အတွင်းလိုအင်မှုကို သိတဲ့အခါ ဘုရားရှင်ကို ဆုတောင်းတယ်၊ "ဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ၊ မြဲမြံ တည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ" (ဆာလံ၊ ၅၁း၁၀)။ မည်သူမျှ မိမိစိတ်နှလုံးကို စင်ကြယ်စေနိုင်ပါ။ စိတ်နှလုံးသစ်ကိုလည်း မဖန်ဆင်းနိုင်ပါ။ ဒါဝိဒ်မင်းကြီးလို စင်မှန်တဲ့နောင်တနဲ့ ဘုရားရှင်ထံချဉ်းကပ်ပြီး ဘုရားရှင်ကို စိတ်နှလုံးသစ်ဖန်ဆင်းပေးရန် တောင်းခံခြင်းအားဖြင့်သာ ရရှိနိုင်ပါတယ်။ ဘုရားရှင်ဟာ မိတ်ဆွေရဲ့အသက်တာမှာ အသစ်ပြုပြင်ခြင်းကို လုပ်ဆောင်ဖို့ အလွန်အလိုရှိပါတယ်။ ကိုယ့်ကြောင့်မတော်ခြင်းဆိုတဲ့ ညစ်ညမ်းစုတ်ပြဲနေတဲ့ အဝတ်တွေကို နှုတ်နှင့်သဖော ထေးပြီး ပေးတဲ့ကတိတွေ၊ ဝန်ခံချက်တွေနဲ့ တော့ မိတ်ဆွေရဲ့စိတ်နှလုံးဟာ ဘုရားရှင်ကျိန်းဝပ်ဖို့သင့်တော်တဲ့ နေရာဖြစ်မလာနိုင်ပါ။ ဘုရားရှင်သာလျှင်မစနိုင်ပြီး၊ မစဖို့လဲအမြဲ အသင့်ရှိနေပါတယ်

Copyright ANGP


ဘာ့ကြောင့်လဲဆိုတော့ ထိုအရှင်ဟာ ကိုယ်တိုင်ကတိပေးထားပါတယ်။

"သင်တို့အပေါ်မှာ သန့်ရှင်းသော ရေကိုဖျန်းသဖြင့် သင်တို့ကိုခပ်သိမ်းသော အညစ်အကြေးမှစ၍ ခပ်သိမ်းသော ရုပ်တုတို့နှင့်ကင်းစင်စေမည်၊ စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်၊ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏တရားလမ်းသို့ လိုက်၍ ငါစီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်" (ယေဇကျေလ၊ ၃၆း၂၅-၂၇)။ ဒီစကားများသည်၊ ဘုရားရှင်က မိမိသားတော် ယေရှုခရစ်၏အသွေးအားဖြင့် တံဆိပ်ခတ်ထားတဲ့ ပဋိညာဉ်တရားသစ်ပဲ ဖြစ်ပါတယ်။ ဒီရုပ်ပုံမှာ၊ ကောင်းကင်တမန် ပြန်ပေါ်လာတာကိုလည်း တွေ့ရပါလိမ့်မယ်၊ ထာဝရအသက်ကို အမွေခံစားရမဲ့သူများအတွက် အစေခံဖို့ရန် ကောင်းကင်တမန်များကို ဘုရားရှင် ခန့်အပ်ထားပါတယ်၊ ဘုရားရှင်ကို ကြောက်ရွံ့တဲ့သူတို့ ပတ်လည်မှာလည်း၊ ကောင်းကင်တမန်တို့ဟာ တပ်ချပြီး ကယ်လွှတ်တတ်ပါတယ် (ဆာလံ၊ ၃၄း၇။ ၉၁း၁၁။ ဒံယေလ၊ ၆း၂၂။ မဿဲ ၂း၁၃။ ၁၃း၃၉၊ ၁၈း၁၀။ တမန်၊ ၅း၁၉။ ၁၂း၇-၁၀)။

ဒီပုံကိုကြည့်ရင် စိတ်နှလုံးအနားကပ်ပြီး စာတန်ဟာရပ်နေတာကိုလည်းတွေ့ရပါလိမ့်မယ်၊ သူဟာ နေရာဟောင်းကို ပြန်ဝင်ဖို့ရလိုချငြား အကဲခတ်နေသယောင် တွေ့ရပါမယ်။ ဒါ

ကြောင့်လည်း သမ္မာသတိနဲ့ ဆုတောင်းပြီး စောင့်နေဖို့ နှိုးဆော်ထားပါတယ်။ “သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်ဟောက်သောခြင်္သေ့ကဲ့သို့၊ အဘယ်သူကို မျိုရမည်နည်းဟု၍ လှည့်လည်ရှာဖွေလျက်ရှိ၏”( ၁ပေ၊ ၅း၈)။ မကြာခဏဆိုသလို စာတန်ဟာအလင်းရဲ့ ကောင်းကင်တမန် ယောင်ဆောင်ပြီး လာတတ်ပါတယ်။ သတိမရှိတဲ့ သန့်ရှင်းသူတွေကို ဒီလောကရဲ့ တပ်မက်ခြင်းအောက် ရောက်ဖို့လှည့်စားပြီး ပရိယာယ်နဲ့ သွေးဆောင်ခေါ်ယူသွားတတ်ပါတယ်။ ရွေးကောက်ခြင်းခံရသူများကိုပင် လှည့်စားတတ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ မာရ်နတ်ကိုဆီးတားလျှင် သူဟာ ကျွန်တော်တို့ထံက အမှန်ထွက်ပြေးသွားရပါလိမ့်မယ်(ယာကုပ်၊ ၄း၇)၊

Copyright ANGP


6

## ဆဌမရုပ်ပုံ

ဒီပုံဟာ ဘုရားသခင်ထံမှ ဝေးစွာ ထွက်ခွာသွားတဲ့ ခရစ်ယာန် တယောက်ရဲ့ သနားစဖွယ်အဖြစ်ကို ဖော်ပြနေပါတယ်။ မျက်လုံးတဖက်ဟာ တဖြည်းဖြည်း မှိတ်လာတယ်။ အဓိပ္ပာယ်ကတော့ သူ့ရဲ့ခရစ်ယာန် အသက်တာဟာ အေးစက်စက်နဲ့ အိပ်ငိုက်နေကြောင်းကို ဆိုလိုပါတယ်။ ကျန်မျက်လုံး တဖက်ကတော့၊ ရှက်ကြောက်စိတ်ကင်းစွာနဲ့ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုနေပြီး၊ လောကနဲ့ မိတ်ဖွဲ့လျက်ရှိနေပါတယ်။ သူ့ရဲ့စိတ်နှလုံးတွင်းမှာရှိတဲ့ အလင်းဟာလဲ မှေးမှိန်လာပြီးခရစ်တော်နဲ့အတူဒုက္ခဆင်းရဲ ခံလိုတဲ့ သဘောဟာလည်း ကွယ်ပျောက်ပြီး တည့်မတ်စွာ မရှိတော့ပါ၊ သွေးဆောင်ခြင်းက သူ့ကိုပတ်လည်ဝိုင်းနေပြီး၊ သွေးဆောင်ခြင်းကို တွန်းလှန်ရမဲ့အစား၊ သွေးဆောင်ခြင်းသို့တဖြည်းဖြည်းနဲ့ လိုက်လျောနေပါတယ်၊ ဘုရားရှင်ရဲ့ အသံတော်ကို နားထောင်ရမဲ့အစား အပြစ်သွေးဆောင်သူရဲ့ ပရိယာယ်နဲ့ ပြောကြားတဲ့ အကြံဉာဏ်နဲ့ လိမ်ညာတဲ့ ကတိတွေကိုသာ နားထောင်နေတော့တယ်။ သူဟာဘုရားကျောင်းကို ဆက်လက်သွားနေပေမဲ့ တကယ်တော့ သူဟာသူ့ရဲ့ လောကတပ်မက်ခြင်း အပြစ်ကို ဘာသာတရား ဝတ်ရုံအောက်မှာ ဖုံးကွယ်ထားခြင်း ဖြစ်ပြီး၊ ဘုရားရှင်ကို ချစ်တဲ့သဘောဟာ သူ့စိတ်နှလုံးထဲမှာ အေးစက်စက် ဖြစ်နေပါပြီ။ သူဟာစိတ်နှစ်ခွ ရှိတဲ့လူ ဖြစ်နေပါပြီ၊ ထင်မြင်ချက် နှစ်ခုကြားမှာတန့်နေပါပြီ။ သူဟာ လောကနဲ့

Copyright ANOP

အပေးအယူသဘောလုပ်နေပြီး၊ ဘုရားသခင်ကိုချစ်ဟန်ဆောင်နေပါတယ်။ ဩတ္တပ္ပစိတ်ကိုဖော်ပြတဲ့ သူ့စိတ်နှလုံးထဲမှာရှိတဲ့ ကြယ်ဟာလည်း မှေးမှိန်လာပါပြီ။ လက်ဝါးကပ်တိုင်ကိုလည်း ပြုံးရွှင်ခြင်းနဲ့ မသမ်းတော့ပဲ၊ လက်ဝါးကပ်တိုင်ဟာ မလိုလားတဲ့ လေးလံတဲ့ဝန်ထုတ်ကြီး တခုသဖွယ် ဖြစ်လာပါပြီ။

သူ့ရဲ့ယုံကြည်ခြင်းဟာ ယိမ်းယိုင်လာပြီး၊ ဘုရားရှင်နဲ့ ဆုတောင်းခြင်းအားဖြင့် မိတ်သဟာယဖွဲ့မှုကိုလည်း ရပ်ဆိုင်းပြီး သူ့ရဲ့ စိတ်နှလုံးအခြေအနေကို ဂရုစိုက်ခြင်းမရှိတော့ပဲ၊ သမ္မာသတိ ကင်းမဲ့လာပြီး တဖြည်းဖြည်းနဲ့ သူ့စိတ်နှလုံး အပြင်မှာ ချောင်းမြောင်းနေတဲ့ သွေးဆောင်သူအားနေရာပေးလျက်ရှိပါတယ်။ စစ်မှန်တဲ့ယုံကြည်သူတွေနဲ့ မိတ်သဟာယဖွဲ့ရခြင်းထက် လောကအပေါင်းအသင်းများကို ပိုပြီးအားရနှစ်သက်လာပါတယ်။ မာန်မာနကိုသက္ခဏာပြုတဲ့ ဒေါင်းဟာ ဝင်ပေါက်ကိုရှာလာပါပြီ၊ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းရတယ်ဆိုတာကို မေ့ပြီး၊ မာနကြီးတဲ့ ခရစ်ယာန်တယောက်ဖြစ်လာပြီး အရက်သေစာ သောက်စားဖို့ စိတ်ထဲမှာ နှိုးဆော်ခံလာရတယ်။

အထူးခေါ်ဖိတ်တဲ့ ညှော်ခံပွဲနဲ့ လောက မိတ်ဆွေများနဲ့ အဖွဲ့ကျတဲ့အခါမှာသူ့ကိုလူမှုရေးရှိတဲ့သူ၊ စိတ်ဓါတ် ပျော့ညံ့တဲ့ သူဟူ၍ အပြောမခံလိုတဲ့အတွက် မာရ်နတ်ရဲ့သွေးဆောင်မှုဖြစ်တဲ့ "ဒီတခါလေးပဲသောက်လိုက် မင်းရဲ့ဝိညာဉ်ရေးရာဘာမှ မထိခိုက်နိုင်ပါဘူး"ဆိုတဲ့စကားကို လိုက်လျှောမိ

ပါတယ်။ ဇာတိသဘောနဲ့ ကြံစည်ချက်များ သွေးသားတဖ်မက် လိုသားချက်များဟာလည်း ထင်ထင်ရှားရှားထွက်ပေါ်လာပါတယ်။ ညစ်ညမ်းတဲ့ နောက်ပြောင်မှုများ၊ ညစ်ညမ်းတဲ့ရုပ်ပုံများကို တပ်မက်တဲ့စိတ်နှင့် ထပ်ခါတလဲလဲ ကြည့်ချင်လာလိမ့်မယ်။ စာတန်ရဲ့ မိုက်မဲတဲ့ အကြံပေးချက်ဖြစ်တဲ့ "ဒါဟာ သဘာဝပါ၊ အပြစ်လေးတခု လုပ်တာဟာ အပြစ်မဟုတ်ပါဘူး" ဆိုတဲ့ အကြံကိုအပြည့်အဝခံယူပြီး၊ စာရိတ္တမကောင်းတဲ့ အပေါင်းသင်းများနဲ့ ရောနှောခြင်း။ ကပွဲများသွားရောက်ခြင်း၊ သြတ္တပ စိတ်မကြည်လင်တဲ့ ပျော်ပါးမှုကို လိုက်စားခြင်းများ ပြုလာပါတယ်။

မှန်ပါတယ်-ညစ်ညူးပြီး မသန့်ရှင်းတဲ့ အတွေးအခေါ်စဉ်းစားမှုတွေဟာ တောကျီးကန်းတွေလို ကျွန်တော်တို့ခေါင်းပေါ်မှာ ပျံဝဲနေတာကိုတော့ ကျွန်တော်တို့ဘာမှ မတတ်နိုင်ပါဘူး။ ဒါပေမဲ့ ဒုစရိုက်ကျေးငှက်တွေကို ကျွန်တော်တို့ခေါင်းပေါ်မှာ ရပ်နားခွင့်ပေးပြီး၊ စိတ်နှလုံးထဲမှာ အသိုက်ဖွဲ့ခွင့်ပေးမယ်ဆိုယင် ဒုစရိုက်ဥများပေါက်ဖွားခြင်းဟာ ကျွန်တော်တို့ရဲ့ အပြစ်သာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်သန်းလေးတချောင်းကို စာတန်အား ကိုင်ခွင့်ပေးလိုက်ယင် သူဟာ ကျွန်တော်တို့လက်တခုလုံးကို ဖမ်းကိုင်ပြီး၊ စိတ်ဝိညာဉ်ကိုပါ ထာဝရငရဲမီးအိုင်ထဲကို ဆွဲခေါ်သွားပါလိမ့်မယ်။ ဒါကြောင့်ဘုရားရှင်ရဲ့ လေးနက်စွာ သတိပေးထားချက်ကတော့ "လူပျိုတို့၏ ကိလေသာတပ်မက်ခြင်းကို ရှောင်လော့" ဆိုတဲ့ ပညတ်ပဲဖြစ်ပါတယ်။ ဒါကြောင့် အပြစ်ဟာဘယ်အသွင်နဲ့ဖဲ

Copyright ANGP

လာပါလေစေ၊ အပြစ်နဲ့မကစားပဲ၊ ရွေးနှုတ်ရှင်၊ အောင်မြင်သော အရှင်ယေရှုထံကိုပဲ ပြေးသွားပါ။

ဒီပုံထဲမှ စိတ်နှလုံးကို ခါးမြောင်နဲ့ ထိုးနေတဲ့သူ တဦးကို တွေ့ရပါတယ်။ သူကတော့၊ ခရစ်ယာန်တရားကို ကဲ့ရဲ့ပြောင်လှောင်ပြီး ဆန့်ကျင်တဲ့သူတွေကို ပုံဆောင်ပါတယ်။ သူတပါး အသရေပျက်အောင် ပြောတတ်တဲ့လျှာနဲ့ ကဲ့ရဲ့ပြောင်လှောင်တတ်တဲ့နှုတ်ခမ်းတွေနဲ့ များစွာသော ခရစ်ယာန်များရဲ့ စိတ်နှလုံးများကို နာကျင်ထိခိုက်စေပါတယ်။ ဤလိုထိခိုက်မှုမျိုးကို စိတ်နှစ်ခွရှိသူ တယောက်ဟာ မခံရပ်နိုင်ပါ။ ဤလိုခရစ်ယာန်ဟာ ဘုရားထက်လူတွေကို ကြောက်တတ်ပါတယ်။

လူတွေဟာသူ့ကိုဘာတွေပြောပြီး၊ ဘယ်လိုလုပ်လေ့ဆိုတာကို ကြောက်လာတဲ့အခါ၊ လူတွေရဲ့ ကျွန်ဖြစ်လာပြီး ဘုရားသခင်ထံမှ ဝေးစွာထွက်ခွာသွားပါတယ်။ ဒေါသအမုက်စိတ်ဆိုးခြင်းတို့ဟာလည်း ဒုက္ခနဲ့ ရင်ဆိုင်ရချိန်၊ မကျေနပ်ဖြစ်တဲ့အချိန်များမှာ အတင်းအဓမ္မ ဝင်ရောက်ခွင့်ရလာပါတယ်။ မနာလိုဝန်တိုတဲ့သဘောကိုပြတဲ့ မြွေဆိုးဟာလည်း တခြားသူများအောင်မြင်ပြီး ကြီးပွားလာတာကို မြင်ရတဲ့အခါမှာ ထွက်ပေါ်လာပြီး တိတ်တဆိတ်လျှို့ဝှက်စွာဝင်လာတာ၊ အခွင့်အရေး နည်းနည်းပေးလိုက်ယင်၊ မုန်းတီးခြင်း၊ မာန်မာနကြီးခြင်းတို့ဟာလည်း ဝင်ရောက်လာပါလိမ့်မယ်။

ငွေကိုတပ်မက်ခြင်း သဘောဟာလည်း အမှတ်မထင် ကျွန်တော်တို့စိတ်ထဲကို ဝင်ရောက်လာတတ်ပါတယ်။ ဒါကြောင့်

Copyright ANGP

သခင်ယေရှုပေးတဲ့ သတိပေးချက်ကို အထူးသတိပြုဘို့လိုပါတယ်။ "စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းလွတ်မည် အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့ (မသဲ၊ ၂၆း၄၁)။ "ထို့ကြောင့်အကြင်သူသည် မိမိတည်ကြည်လျက် နေသည်ဟုမိမိထင်မှတ်၏၊ ထိုသူသည်မလဲခြင်းငှါ သတိပြုစေ" (၁ကော၊ ၁၀း၁၂)။ မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ (ဧဖက်၊ ၆း၁၁-၁၈)။

## သတ္တမ ရုပ်ပုံ

ဒီပုံကတော့ အသင်းသို့ ရောက်ပြီး၊ ကောင်းကင်ဆုကျေးဇူးကိုလည်း မြည်းစမ်းပြီးသူ ဖြစ်သည်သာမက၊ သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ခံယူဖူးသူ ဖြစ်ပါလျက်နဲ့ ဖောက်ပြန်ခွေ့လျောသွားသူရဲ့ စိတ်နှလုံးပုံ ဖြစ်ပါတယ်။ ဒီပုံဟာ ဧဝံဂေလိတရားရဲ့ သစ္စာစကားများကို ကြားရပြီး ဝမ်းမြောက်ဖွယ် သတင်းကို နားလည်ခဲ့သူခဲ့ဖူး သော်လည်းနေ့ခင်တရား၌ဘုရား သခင်ထံဆက်ကပ်အပ်နှံခြင်းကို တခါမှမပြုလုပ်တဲ့သူရဲ့ အခြေ အနေကိုလည်း ဖော်ပြနေပါတယ်။ ဘုရားရှင်က အကြိမ်ကြိမ် တောင်းပန်ပေမဲ့ မိမိစိတ်နှလုံးကို ခိုင်မာစေတဲ့သူဟာ မိမိ ကိုယ်ကိုပြုပြင်ဖို့ ဘယ်သို့ ကြိုးစားစေကာမူ၊ တဖြည်းဖြည်း ဆိုးဝါးသထက် ဆိုးဝါးလာပါလိမ့်မယ်။



Copyright ANGP

နောင်တမရတဲ့လူရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ယေရှုက ပုံပမာပေးခဲ့ပါတယ်၊ “ညစ်ညူးသောနတ်သည် လူထဲကထွက်လျှင်၊ ခြောက်ကပ်သော အရပ်တို့၌လှည့်လည်၍ ငြိမ်သက်ခြင်းကို ရှာတတ်၏။ မတွေ့လျှင် ငါသည်ထွက်ခဲ့သော၊ နေမြဲအိမ်သို့ပြန်ရဦးမည်ဟုဆို၍ ပြန်ရောက်သောအခါ ထိုအိမ်သည်သုတ်သင်ပြင်ဆင်လျက် ရှိသည်ကိုတွေ့သော်၊ မိမိထက်သာ၍ ညစ်ညူးသော နတ်ဆိုး (၇) ကောင်ကို ခေါ်ပြီးလျှင် ထိုလူထဲသို့ ဝင်၍နေကြ၏။ ထိုလူ၏နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုးသည်ဟု မိန့်တော်မူ၏၊” (လုကာ၊ ၁၁း၂၄-၂၆)။ ခွေးသည်မိမိအန်ဖတ်ကို ပြန်၍စား၏။ ဝက်သည်လည်းဆေးပြီးမှ ရွံ့တွင်လူးပြန်၏ဟု မှန်သော စကားပုံသည် ထိုသူတို့၌ ပြည့်စုံသည်။ (၂ ပေ၊ ၂း၂၂)။

သမ္မာကျမ်းထဲမှာ နောင်တနေတဲ့ အပြစ်သားများရဲ့ စိတ်နှလုံးကို ဖော်ပြထားပါတယ်။ အပြစ်ဟာလှည့်စားမှု အမျိုးမျိုးနဲ့ ဒီလူရဲ စိတ်နှလုံးထဲသို့ပြန်ပြီး နေရာယူလျက် အုပ်စိုးနေပါတယ်။ဒီလူရဲ့မျက်နှာမှာ သူ့ရဲ့စိတ်နှလုံးအခြေအနေ တစိတ်တဒေသ ပေါ်လွင်နေပါတယ်။အပြစ်နဲ့ သန့်ရှင်းသော ဝိညာဉ်တော်ဟာ ဘယ်လိုမှ အတူတူ မနေနိုင်တဲ့အတွက် နူးညံ့တဲ့ချိုးငှက်အသွင်ဆောင်တဲ့ သန့်ရှင်းသော ဝိညာဉ်တော်ဟာ စိတ်နှလုံးထဲမှ ထွက်ခွာသွားရပါတယ်။ လူရဲ့စိတ်နှလုံးဟာ တချိန်ထဲမှာ ဘုရားရှင်ရဲ့ ဗိမာန်တော်နဲ့ စာတန်ရဲ့ ဒုစရိုက်တွင်း မဖြစ်နိုင်ပါ။ ကောင်းကင်တမန်အသွင်ဆောင်တဲ့ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ဟာ ဝမ်းနည်းစွာနဲ့ ထွက်ခွာလာရပေမဲ့ အဲဒီ

Copyright ANGP

လူယောက်ျား၊ လူမိန်းမဟာ ပျောက်သောသားကဲ့သို့ နောင်တပြန်ရကောင်းရမလားဟု မျှော်လင့်ချက်နဲ့ နောက်ဘက်လှည့်ပြီး ပြန်ကြည့်နေရှာပါသေးတယ်။


သမ္မာကျမ်းထဲ၌ ပျောက်သောသားဟာ "ဝက်စားတတ်သောပဲတောင့်ကိုပင် စားချင်မတတ် ငတ်မွတ်လျက်နေတယ်။ အဘယ်သူမျှ အစာကိုမကျွေးသောအခါ ဖခင်ကိုသတိရ၍ ငါ့အဘ၏အိမ်၌ အခစားသောသူများတို့သည် ဝစွာစားရကြ၏။ ငါမူကား၊ ဤပြည်၌သေအောင် အငတ်ခံရ၏။ ငါထ၍ အဘထံသို့သွားမည်။ အဘ- ကျွန်ုပ်သည် ဘုရားသခင်ကို လည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ" (လုကာ၊ ၁၅း၁၆-၁၉) ဟုပြောပါတယ်။ အဘဟာ နောင်တနဲ့ ပြန်လာတဲ့သားကို အဝေးမှမြင်စဉ်တွင်ပင် ခွင့်လွှတ်ပြီး ပြန်လည်ဝမ်းမြောက်စွာ လက်ခံလိုက်ပါတယ်။ ဒါပေမဲ့ ဒီပုံထဲက စိတ်နှလုံးကတော့ ယေရှုရဲ့ခြေတော်ရင်းမှာ ခွင့်လွှတ်ခြင်းခံယူဖို့ ပြန်လမ်းရှာပြီးနောင်တနဲ့ ဘုရားသခင်ထံပြန်လှည့်တဲ့လက္ခဏာ တစ်ခုကိုမှ မတွေ့ရပါ။ သူ့ရဲ့ ဩတ္တပ္ပစိတ်ဟာ သံပူနဲ့ ထုတ်ခြင်း ခတ် ထိုးခြင်းခံရတဲ့ သူကဲ့သို့ တိတ်ဆိတ်နေပါတယ်။

သူ့မှာနားရှိပေမဲ့ ယေရှုရဲ့ တောင်းပန်သံကို မကြားပဲ ဖြစ်နေပါတယ်။ သူဟာ မျက်စိရှိပေမဲ့ သူ့ခြေရင်းမှာ ရှိတဲ့ မကြာမီ သူသက်ဆင်းရတော့မဲ့ ထာဝရမီးအိုင်ရဲ့ကို မမြင်နိုင်ပဲရှိနေပါတယ်။ အပြစ်ထဲမှာဆက်လက်ကျင်လည်နေတော့

ကိုလည်း၊ ရှက်ကြောက်စိတ်မရှိပဲ ဖြစ်နေပါတယ်၊ စာတန်ဟာ သူ့ရဲ့စိတ်နှလုံးကို အုပ်စိုးပြီး ရှင်ဘုရင်ကဲ့သို့ သူ့စိတ်နှလုံးပလ္လင်ပေါ်မှာ ထိုင်လျက်ရှိပါတယ်။ သူဟာ ဒီအခြေအနေမှာ ပင်လျှင် ပင်ပန်းလျက်ရှိပြီး ကျက်သရေရှိရှိ လူလေးစားဖွယ် အသွင်နဲ့ ဘာသာတရား ကိုင်းရှိုင်းဟန်ဖြင့် ဝါကြွားနေပါတယ်။ အပြင်မှာထုံးဖြူသုတ်ထားသော သင်္ချိုင်းဂူလိုပဲဖြစ်ပြီး၊ " အတွင်းမှာတော့၊ လူသေအရိုး၊ အညစ်အကြေးအမျိုးမျိုး နှင့်ပြည့်လျက်ရှိတယ်"(မဿဲ၊ ၂၃း၂၇)။

သမ္မာတရားနဲ့ ပြည့်စုံသော ဝိညာဉ်တော်၏ နေရာကိုမှ သာ၍ အတ္တဟာ ဝင်ယူနေပါတယ်။ တိရစ္ဆာန်အားလုံး၊ အပြစ်အားလုံးဟာလည်း သီးသန့်ဝိညာဉ်ဆိုး၊ ညစ်ညူးသော နတ်တမျိုးစီနဲ့အတူ ဒီလူရဲ့ စိတ်နှလုံးထဲမှာ နေရာယူနေပါပြီ။ ဒီလိုဆိုးဝါးပြီး ညှဉ်းပန်းနှိပ်စက်တဲ့ ဝိညာဉ်ဆိုးတွေလက်မှ ဒီလူဟာ လွတ်မြောက်ရန် ဆန္ဒရှိပေမဲ့ ဒီအရာတွေဟာ သူ့ကို ဖိနှိပ်၍ချုပ်နှောင်ထားပါတယ်။ "မောရှေ၏ တရားကို ပယ်သောသူမည်သည်ကား၊ သက်သေခံနှစ်ဦး သုံးဦးရှိလျှင် သနားခြင်းကို မခံရဘဲ၊ သေရ၏။ ထိုမျှမက ဘုရားသခင်၏ သားတော်ကို ခြေဖြင့်နင်းလျက် မိမိကို စင်ကြယ်စေသော ပဋိညာဉ်တရား၏ အသွေးကို အပြစ်တင်လျက် ကျေးဇူးကို ပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင် ပြုလျက်ရှိသော သူသည် အဘယ်မျှလောက် ကြီးစွာသော ဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ ဆင်ခြင်ကြသနည်း" (ဟေဗြဲ ၁၀း၂၈၊၂၉။ ၂ပေ၊၁-၁၄)

Copyright ANGP


7

# ၇။ နောင်တမရသူ၏ စိတ်နှလုံး


တကယ်လို့ ဒီရုပ်ပုံဟာ သင့်စိတ်နှလုံးအခြေအနေကိုဖော်ပြနေယင် မဖင့်နွှဲ့ပဲ၊ ဘုရားရှင်ကို စိတ်နှလုံးပြင်းပြစွာနဲ့ အော်ဟစ်ပါ။ ဘုရားရှင်ဟာ သင့်ကိုအဆုံးစွန်ဆုံး အခြေက ကယ်တင်နိုင်ပါတယ်။ စစ်မှန်တဲ့နောင်တစိတ်နဲ့ လာရင် ဘုရားရှင်ဟာ မိတ်ဆွေရဲ့ အပြစ်အားလုံးကို လွှမ်းပိုင်တဲ့အပြစ် လွတ်ဖို့လည်းအသင့်ရှိပါတယ်။ မိတ်ဆွေ သာဆန္ဒရှိရင် ဘုရားရှင်ဟာ မာရ်နတ်နဲ့ သူ့ရဲ့ မကောင်းမှုတန်ခိုးအားလုံးကို ချည်နှောင်ပြီး မိတ်ဆွေရဲ့ စိတ်နှလုံးထဲကဖယ်ရှားဖို့တတ်နိုင်ပါတယ်။ ယေရှုထံလာတဲ့ နူနာစွဲကပ်သူလိုလာပါ။ နူနာစွဲသောသူ တယောက်သည်အထံတော်သို့လာ၍၊ ဒူးထောက်လျက် “ကိုယ်တော်အလိုရှိလျှင် ကျွန်တော့်ကို သန့်ရှင်းစေနိုင်သည်” ဟု တောင်းပန်လေ၏။ ယေရှုသည် သနားသောစိတ်ရှိသဖြင့် လက်တော်ကိုဆန့်၍၊ ထိုသူကိုတို့လျက် “ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ ရောက်စေ” ဟု မိန့်တော်မူ၏ (မာကု၊ ၁း၄၀-၄၁)။ ဒါပေမဲ့ မိတ်ဆွေဟာ ကိုယ့်စိတ်နှလုံးကို ဆက်လက်ခိုင်မာစေပြီးအလင်းထက် မှောင်မိုက်ကိုနှစ်သက်မယ်ဆိုယင်တော့ မိတ်ဆွေအတွက် မျှော်လင့်စရာမရှိရုံသာမက၊ ကူညီမစမှုကိုလည်းမရရှိနိုင်တော့ပါ။ ဘာကြောင့်လဲဆိုတော့ မိတ်ဆွေဟာအသက်အစား သေခြင်းကိုရွေးချယ်လိုက်လို့ပဲဖြစ်တယ်။ “အပြစ်တရား၏ အခကား သေခြင်းပေတည်း” (ရောမ၊ ၆း၂၃)။

Copyright ANGP

## အဋ္ဌမရုပ်ပုံ

ဒီပုံမှာရေတာ့၊ ဖင့်နွှဲ့တဲ့၊ ဒါမှမဟုတ် ခိုင်မာတဲ့သဘောရှိတဲ့ အပြစ်သားဟာ သေခြင်းကိုရင်ဆိုင်နေရတဲ့ အချိန်ပဲဖြစ်တယ်။ သူ့ကိုယ်ခန္ဓာဟာနာကျင်ခြင်း၊ ရောဂါများဖိစီးခြင်းနဲ့ ပြည့်နေတဲ့အပြင်၊ စိတ်ဝိညာဉ်ဟာလည်း သေခြင်းကိုအလွန်ကြောက်ရွံ့စွာနဲ့ ရင်ဆိုင်နေရတယ်။ သေခြင်း(အရိုးစု)ဟာသူမမျှော်လင့်တဲ့အချိန်၊ မလိုလားတဲ့အချိန်မှာရောက်ရှိလာတယ်။ လှည့်စားတတ်တဲ့ အပြစ်တရားရဲ့ပျော်ပါးမှုတွေဟာ ပျောက်လွင့်ပြီး အင်မတန် ထိတ်လန့်ဖွယ်ကောင်းတဲ့ အပြင်၊ အဖိုးအခကြီးပြီး၊ ကြောက်မက်ဖွယ်ကောင်းတဲ့ အပြစ်တရားရဲ့အကျိုး သူအခုရင်ဆိုင်နေရပြီ။ငရဲမှာခံစားရမဲ့ပူလောင်ပြင်းပြမှုတွေကလည်းသူ့ကိုဝါးမျိုတော့မယ်။ ဒီလူဟာအနုဆုတောင်းဖို့ စိတ်ပြင်းပျမေ့သူဟာ ဘုရားရှင်ရဲ့မေတ္တာကို အကြာကြီး ပစ်ပယ်ထားခဲ့တဲ့အတွက် ဘုရားရှင်နဲ့ အဆက်အသွယ်မရှိပဲဖြစ်နေတယ်၊ သူ့ရဲ့မိတ်ဆွေဟောင်းတွေလည်း သူ့ကုတင်ဘေးမှာ လာမနေရဲကြဘူး။ သူ့မိတ်ဆွေတွေရဲ့ အချည်းနှီးသော စကားတွေဟာလည်း သူ့ကိုနှစ်သိမ့်မှုမပေးနိုင်တော့ဘူး။ ဘယ်လိုနည်းနဲ့ရမှန်းမသိတဲ့သူရဲ့ စည်းစိမ်ဥစ္စာတွေဟာလည်း သူ့အသက်ကိုပိုပြီးမရှည်စေနိုင်တော့တဲ့ အပြင် သူ့ဝိညာဉ်ကိုလည်းမကယ်နိုင်တော့ဘူး။ ပြင်းထန်စွာ ခံစားနေရတဲ့ စိတ်ဆင်းရဲမှုကိုလည်း မသက်သာစေနိုင်ပါ။ မာရ်နတ်ကသူ့ကိုအခွင့်မပေးတဲ့အတွက် ဘုရားသခင်အပေါ် ဘယ်လိုမှအာရုံပြုလို့မရပဲဖြစ်နေတယ်။

Copyright AIVGP


I
II
III
IV
V
VI
VII
VIII
IX
X
8

တချိန်က သူမြတ်နိုးအသက်ရှင်ခဲ့တဲ့အရာတွေဟာ အခုသူ့ကို မစနိုင်စွမ်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာဘုရားရှင်ရဲ့ မကျေးဇူးတော်ကို ငြင်းပယ်ခဲ့တဲ့ အတွက် ပညတ်တရားရဲ့စီရင်ချက်အောက်မှာရောက်နေလို့ဖြစ်တယ်။နောက်ပြီး "အသက်ရှင်တော်မူသော ဘုရားသခင်၏ လက်တော်သို့ကျရောက်ခြင်းအမှုသည်ကြောက်မက်ဖွယ်သောအမှုဖြစ်သတည်း" ဆိုတဲ့သတိပေးချက်ကို သူဘဖြည်းဖြည်းနားလည် သဘောပေါက် လာတယ် (ဟေဗြဲ၊ ၁၀း၃၁)။

အဆင်ပြေတဲ့တနေ့ကျမှ(ဒါမှမဟုတ်) အိပ်ရာထဲလဲနေပြီးသေခါနီးကျမှ ဘုရားရှင်နဲ့စာရင်းရှင်းဖို့ သူမျှော်လင့်ထားခဲ့တယ်။ ဒါပေမဲ့ ခုတော့သိပ်နောက်ကျသွားပြီ။ ထောင်ပေါင်းများစွာသော သူလိုလူစားတွေဟာ အိပ်ရာပေါ်မှာ လဲနေတဲ့အချိန် ဘုရားရှင်ကိုရှာဖို့အခွင့်မရလိုက်ပဲသေဆုံးသွားကြတယ်။ ဒါကြောင့်တွေ့နိုင်တဲ့ကာလမှာထာဝရဘုရားကိုရှာဖို့လိုတယ်။ အသက်ရှင်စဉ်အခါ ဘုရားရှင်ရဲ့ကျေးဇူးတော်နဲ့မေတ္တာတော်ကိုငြင်းပယ်ခဲ့တဲ့အတွက်ဘုရားရှင်ရဲ့ နှစ်သိမ့်ကယ်တင်တဲ့စကားတွေကိုကြားရမဲ့အစား "ကျိန်ခြင်းခံရသောသူတို့၊ မာရ်နတ်နှင့်သူ၏တမန်တို့အဖို့ ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှခွာသွားကြလော့" ဆိုတဲ့အသံကိုသာ သူငြင်းပယ်ခဲ့တဲ့ အရှင်(ဝါ)သူ့ကိုစီရင်မဲ့အရှင်ဆီကကြားရတယ် (မဿဲ၊ ၂၅း၄၁)။ "လူသည် တခါသေရ၏ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရလတ္တံ့" (ဟေဗြဲ၊ ၉း၂၇)။

## နဝမရှစ်ပုံ

ဒီရုပ်ပုံကတော့၊ စုံစမ်းနှောက်ယှက်ခြင်းနဲ့ သွေးဆောင်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံရပ်တည်ပြီး အောင်မြင်ကျော်လွှားနေတဲ့ ယုံကြည်သူ ခရစ်ယာန်တယောက်ရဲ့ပုံ ဖြစ်တယ်။ သူဟာ အဖက်ဖက်ကနေပြီး သွေးဆောင်ခြင်း ခံရပေမဲ့ တည်ကြည်ခြင်းနဲ့ အဆုံးတိုင်အောင် ဆက်လက် ရပ်တည်နိုင်တဲ့ အပြင် ယေရှုခရစ်အားဖြင့်အသူးအောင်မြင်ခဲ့တဲ့သူ ဖြစ်တယ်။ သူဟာခရစ်ယာန်အသက်တာ အပြေးပြိုင်ပွဲထဲကို ဝင်ရောက်ရုံမက ကြိုးစားပြီး သည်းခံခြင်း စိတ်နဲ့ လက်ဝဲ၊ လက်ယာကို မကြည့်ဘဲ "ယုံကြည်ခြင်းကို အစအဦး စီရင်၍၊ စုံလင်စေတော်မူသော သခင်ယေရှုကိုသာ စေ့စေ့ ထောက်ရှုခြင်း" အားဖြင့် ယှဉ်ပြိုင်ပြေးလိုက်နေသူဖြစ်တယ် (ဟေဗြဲ၊ ၁၂း၁၊၂၊)။

ယုံကြည်သူရဲ့ စိတ်နှလုံးကိုစာတန်နဲ့ သူရဲ့ မှောင်မိုက်တန်ခိုးအားလုံး ဝန်းရံထားပေမဲ့၊ ဘုရားသခင်ရဲ့ သားသမီးကို လမ်းလွှဲသွားအောင် ဘယ်လိုမှမလုပ်နိုင်ပါဘူး။ မာနထောင်လွှားခြင်း၊ ငွေကိုတပ်မက်ခြင်း၊ စာရိတ္တဖောက်ပြန်စေတဲ့ ဝိဉာဉ်ဆိုးနဲ့ အခြားအရာများကို ဒီပုံထဲမှာတွေ့ရပါတယ်။ ကျားသစ်အစားအခုမြည်းကိုတွေ့ရပါတယ်။ အကြောင်းကတော့အပြစ်ဟာအသွင်အမျိုးမျိုးနဲ့ ချဉ်းကပ်လာတတ်ပြီး၊ ဝက်ရုံနဲ့ ဖုံးကွယ်လို့ဖြစ်စေ၊ အခြားနာမည်တမျိုးနဲ့ဖြစ်စေ လာတတ်ပါတယ်။ ဒါပေမဲ့ သမ္မာသတိနဲ့ စောင့်ကြည့်နေတဲ့ ခရစ်ယာန်ဟာ၊ ဘာ

Copyright ANGP


သာတရားဝတ်ရုံကိုခြုံပြီးလာတာဖြစ်စေ၊ လင်းသောကောင်းကင်တမန်လို ဟန်ဆောင်လာတဲ့အခါဖြစ်စေ၊ အပြစ်ကိုအပြစ်မှန်းချက်ချင်းသိပါတယ်။ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ်တော်ရယ်၊ သမ္မာတရားနဲ့ပြည့်စုံတဲ့ဝိညာဉ်တော်တို့ဟာ သမ္မာတရားကိုအကြွင်းမဲ့သွန်သင်နေလို့ဖြစ်တယ်။

လက်တဖက်မှာ အရက်ခွက်ကိုင်ပြီးလာနေသူကတော့ အဲဒီခရစ်ယာန်ကိုလောကပျော်မွေ့ခြင်းများနဲ့သွေးဆောင်နေခြင်းဖြစ်တယ်။ ဒါပေမဲ့ဆက်ကပ်ထားတဲ့ခရစ်ယာန်ကို ဘယ်လိုမှမဆွဲဆောင်နိုင်ဘူး။ အကြောင်းကတော့အပြစ်တရားနဲ့ လောကဟာသူ့အတွက် ခရစ်တော်နဲ့အတူ လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းခံရပြီ။ ရုပ်ပုံထဲမှာ ဒုတိယလူဟာ ယုံကြည်သူခရစ်ယာန်ကို ဓားမြှောင်နဲ့ထိုးနေပါတယ်။ ဘုရားသခင်ရဲ့ရန်သူများ၊ အမည်ခံခရစ်ယာန်များဟာ ညစ်ညူးတဲ့စကားပြောခြင်း၊ အတင်းပြောခြင်း၊ ပြောင်လှောင်ခြင်းနဲ့ ခြိမ်းခြောက်မှုပြုခြင်းအားဖြင့် စစ်မှန်တဲ့ယုံကြည်သူရဲ့ စိတ်နှလုံးကိုအမြဲထိုးဆွနေပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ပြောစကားတွေဟာယုံကြည်သူကို ဘယ်လိုမှ မထိခိုက်စေနိုင်တော့ဘူး။ ယုံကြည်သူဟာ ဘုရားသခင်ရဲ့ပြောစကားကိုသာ ဂရုစိုက်တော့တယ်။ သူဟာ ယေရှုရှင်ပြောတဲ့ စကားများကိုသာ သတိရနေတယ်။ "ငါ့ကြောင့် သင်တို့ကို လူရဲ့ညှဉ်းဆဲ၍၊ မမှန်ပဲလျက် အပြစ်တင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏၊ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌သင်တို့၏အကျိုးသည်ကြီးလှပေ၏" (မဿဲ၅၊၁၁း၁၂)။

Copyright ANGP

အဖြစ်၊ဇာတိပကတိသဘော(ငါတည်းဟူသောသဘော)နဲ့ မာရ်နတ်တို့ဟာ ဘုရားသခင်ရဲ့ မေတ္တာတော်မှာတည်နေတဲ့ ယုံကြည်သူကိုကွဲကွာစေဖို့ အမြဲတမ်း အစွမ်းကုန်ကြိုးစားနေတယ်။ ဒါပေမဲ့ ယုံကြည်သူဟာကြီးစွာသော ဝမ်းမြောက်ခြင်း၊ စိတ်ချယုံကြည်ခြင်းအပြည့်နဲ့ သေချာစွာပြောနိုင်တဲ့ စကားများကတော့ "ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကိုအဘယ်သူကွာစေမည်နည်း။ ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့် တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကိုခံရသော်လည်း ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း၊ မကွာစေသည်သာမက ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှု ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင် ကြ၏" (ရောမ၊ ၈း၃၅-၃၇)။ ယုံကြည်သူဟာ ဘုရားသခင်ရဲ့ လက်နက်စုံကို ယူဘင်ဝတ်ဆင်ထားတာမို့ ဆိုးယုတ်တဲ့ အချိန်မှာ ရပ်တည်နိုင်ပြီး စုံစမ်းခြင်းနဲ့ သွေးဆောင်ခြင်း အားလုံးကို ယေရှု ခရစ် အား ဖြင့် အောင်မြင် နိုင်တယ်။ ယေရှု ခရစ်ဟာ စုံစမ်းခြင်းနဲ့ သွေးဆောင်ခြင်း ရှိသမျှကို အောင်မြင်ပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဟာလည်း ကိုယ်တော်အားဖြင့် အောင်မြင်နိုင်ပြီး ဘုန်းဦးရစ်သရဖူကို ပိုင်ဆိုင်နိုင်ပါတယ်။

Copyright ANGP



Copyright ANCP

## ၉။ အောင်မြင်သောစိတ်နှလုံး

**ကြယ်** – ယုံကြည်သူရဲ့ သဒ္ဓါပွစိတ်ဖြစ်တဲ့ကြယ်ဟာလည်း ကြည်လင်ပြီး ထွန်းတောက်လျက်ရှိပါတယ်။ သူ့ရဲ့ နှလုံးသားဟာ ယုံကြည်ခြင်း အပြည့်အဝရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်နဲ့လည်း ပြည့်ဝနေတယ်၊ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ ကောင်းကင်တမန်ကလည်း သူ့နားမှာ အဆုံးတိုင်အောင် ရပ်တည်ပြီး အောင်မြင်သူများကို ပေးတဲ့ အဖိုးမဖြတ်နိုင်တဲ့ ကတိတော်များကို ပြန်ပြီး သတိရ စေတယ်။ "အကြင်သူသည် အောင်မြင်၏၊ ထိုသူသည် ငါ၏ဘုရားသခင် ဧရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏ အသီးကို စားစေခြင်းငှာ ငါအခွင့်ပေးမည်"။ "အောင်မြင်သောသူကို ဒုတိယသေခြင်းသည် မညှဉ်းဆဲရ"။ "အကြင်သူသည် အောင်မြင်၏၊ ဝှက်ထားသော မန္နမုန့်ကိုလည်းကောင်း၊ ကျောက်ဖြူ လက်နက်ကိုလည်းကောင်း၊ ထိုကျောက်အပေါ်၌ အက္ခရာတင်သော နာမသစ်ကိုလည်းကောင်း ထိုသူအား ငါပေးမည်"။ အောင်မြင်သောသူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်။ ထိုသူ၏နာမကို အသက်စာစောင်မှ ငါအလျှင်းမချေ။ ငါ့ခမည်းတော် ရှေ့၌ လည်းကောင်း၊ ကောင်းကင်တမန်တို့ရှေ့၌လည်းကောင်းထိုသူ၏နာမကို ငါဝန်ခံမည်"။ "အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါသည် ငါ၏ဘုရားသခင်ဗိမာန်တော်

Copyright ANGP

၌တိုင် ဖြစ်စေမည်။ နောက်တဖန် သူသည် ပြင်သို့ မရွေ့ရ”။ “ငါသည်ခအောင်မြင်၍ ငါ့ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသော အခွင့်ကိုငါပေးမည် (ဗျာ၊ ၂း၇၊ ၁၁၊ ၁၇၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁)။

**ပွင့်နေသောငွေအိတ်** – ဆိုလိုရာကတော့၊ ဒီလူဟာသူ့ရဲ့ စိတ်နှလုံးသာမက ငွေကိုပါ ဘုရားသခင်ထံ ဆက်ကပ်ထားခြင်းဖြစ်တယ်။ သူပိုင်ဆိုင်တဲ့ လောကီဘဏ္ဍာများကို အလဟဿ ဖြုန်းပစ်မဲ့အစား ဆင်းရဲသားတွေကို မစတဲ့အပြင် ဘုရားသခင်ထံ ဆက်ကပ်ပြီး ဘုန်းတော်ထင်ရှားဖို့ အသုံးပြုလျက်ရှိနေတယ်။

**ပေါင်မုန့်နဲ့ငါး** – ကတော့ သူဟာ သန့်ရှင်းပြီး ခြိုးခြံတဲ့ အသက်တာကို အသက်ရှင်ကြောင်း ဖော်ပြထားတယ်။ မူးယစ်စေတဲ့ အရက်သေစာ၊ အသွေး၊ လည်လိမ်သား၊ မသန့်ရှင်းတဲ့ အစာတွေကို စားသုံးပြီး သူ့ကိုယ်သူ မညစ်ညူးစေဘူး။ ငွေကို မဖြုန်းရုံမက( ဘုရားသခင်ရဲ့ ဗိမာန်တော်ဖြစ်တဲ့ သူ့ရဲ့ကိုယ်ခန္ဓာကိုလည်း) ဆေးငုံခြင်း၊ မူးယစ်ဆေးဝါး (သို့) ဘေးဥပါဒ်ဖြစ်စေတတ်တဲ့ ဆေးများကို သုံးစွဲပြီး မညစ်ညူးစေပဲ အာဟာရပြည့်ဝ၊ သန့်ရှင်းတဲ့ အစာကိုသာ ပြည့်ပြည့်ဝဝစားသုံးတယ်။ သူ့ရဲ့စိတ်နှလုံးဟာ ဆုတောင်းရာအိမ် ဖြစ်လာတယ်၊ ဘယ်လိုအခြေအနေ၊ ဘယ်လိုရာသီဥတုမျိုးမှာပဲဖြစ်ဖြစ် ဘုရားကျောင်းမှန်မှန်တက်ပြီး ရိုရိုသေသေ ဝတ်ပြု ကိုး

Copyright ANCF

ကွယ်နေလေ့ရှိတယ်။ သူဟာဆုတောင်းခြင်းအနှုကို သိပ်နှစ်သက်တာမို့ အိမ်မှာဖြစ်ဖြစ်၊ မိသားစု ဝတ်ပြုနေည်းဝေးတဲ့ အခါ ဖြစ်ဖြစ်၊ ဒါမှမဟုတ် သူ့အခန်းထဲမှာ ဖြစ်ဖြစ် ဆုတောင်းလေ့ရှိတယ်။ ခရစ်ယာန်တယောက်ဟာ ဆုတောင်းခြင်း အားဖြင့် ဘုရားသခင်နဲ့ မိတ်သဟာယမဖွဲ့ရင် ဘယ်လိုမှ အသက်မရှင်နိုင်ဘူးဆိုတာ သူကောင်းကောင်းသိထားတယ်။

**ဖွင့်ထားတဲ့စာအုပ်**– ဒီစာအုပ်ကတော့ သမ္မာကျမ်း စာအုပ်ဖြစ်ပြီး၊ သူ့အတွက် အမြဲဖွင့်ထားလျက် ရှိပါတယ်။ သူဟာ နေ့စဉ် ကျမ်းစာဖတ်ရှုလေ့လာနေတဲ့အတွက် ဒီသမ္မာကျမ်းစာအုပ်ထဲကဉာဏ်ပညာ၊ ဝိဉာဉ်ခွန်အား၊ အသက်၊ အလင်းနဲ့ ပြောမပြနိုင်လောက်အောင် ကြွယ်ဝတဲ့ဘဏ္ဍာတွေကို သုံးယူရရှိနေတယ်။ ကျမ်းစာဟာ သူ့ရဲ့ရှေ့မှာ မီးခွက်သဖွယ် အလင်းပေးပြီးရန်သူကိုအောင်မြင်စေတဲ့ ဓားလည်း ဖြစ်တယ်။ သမ္မာကျမ်းစာဟာသူ့စိတ်ဝိဉာဉ်အတွက် နေ့စဉ်အစာ၊ ဝိဉာဉ်ဆာငတ်ခြင်းကို ပြေစေတဲ့ရေ၊ သူ့ကိုယ်ကိုဆေးကြောသန့်ရှင်းစေတဲ့ ရေကန်သဖွယ် ဖြစ်ရုံမက၊ သူ့ကိုယ်သူ ပြန်မြင်နိုင်တဲ့ ကြည့်မှန်လည်း ဖြစ်တယ်။

သူဟာ လက်ဝါး ကပ်တိုင် ထမ်းဖို့ အားရနှစ်သက်တယ်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲဒုက္ခမခံယင် သရဖူကိုမရနိုင်ဘူးဆိုတာသူသိတယ်။ အသက်တာသစ်မှာ သူဟာ ခရစ်တော်နဲ့ အတူ ရှင်ပြန်ထမြောက်ပြီးပြီ ဆိုတာကိုသိတဲ့အတွက် ထာဝရ အရာ၊ မမြင်နိုင်တဲ့ အထက်ကအရာတွေကိုသာ ရှာဖွေလျက်ရှိ

Copyright ANCP

တယ်။ သူဟာ ဘုရားရှင်နဲ့ တွေ့ဖို့ အသင့်ဖြစ်နေပြီ။ သူဟာ မြစ်နားမှာစိုက်ပြီး အချိန်တန်ယင် အသီးသီးတတ်တဲ့ အပင်နဲ့ လည်းတူတယ်။စစ်မှန်တဲ့ စပျစ်နွယ်ပင်ရဲ့ အခက်ဖြစ်လို့ အသီး အများကြီးသီးတယ်။ သူဟာ သေခြင်းတရားကိုလည်း လုံးဝ မကြောက်ဘူး။ ဘာကြောင့်လဲဆိုတော့ သန့်ရှင်းသောဝိဉာဉ် တော်အားဖြင့် ရရှိတဲ့ ဘုရားသခင်ရဲ့ မေတ္တာဟာ သူ့ရဲ့စိတ် နှလုံးထဲမှာ ပြည့်လျှံနေလို့ ဖြစ်တယ်။

Copyright ANGP


HOLY BIBLE
10

## သေမှရှုပ်ပုံ

“ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်” (ယော၊ ၁၁း၂၅-၂၆)။ “ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရ အသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏”ဆိုပြီး မိန့်တော်မူပါတယ်(ယော၊ ၅း ၂၄)။ သေခြင်းတရားဟာ ခရစ်ယာန်တယောက်ကို ကြောက်ရွံ့စေခြင်း (ဒါမှမဟုတ်) သောကပူဆွေးခြင်း ဖြစ်စေအောင် မတတ်နိုင်ပါဘူး။ “သေခြင်းသည် အောင်မြင်ခြင်း၌ နစ်မြုပ်ပြီ၊ အိုသေမင်း၊ သင်၏ လက်နက်သည် အဘယ်မှာရှိသနည်း၊ အိုမရဏာနိုင်ငံ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း၊ ငါတို့သခင် ယေရှုခရစ် အားဖြင့် ငါတို့အား အောင်ခြင်း အခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွာတကား”(၁ကော၊၁၅း၅၄-၅၇)။

ဘုရားသခင်နဲ့ အတူ အသက်ရှင် လိုက်လျှောက် နေတဲ့ သူဟာ သေခြင်းကို မကြောက်ရွံ့ဘူး။ သူဟာ လောကထဲက ထွက်ခွာသွားချိန်ရောက်တဲ့ အခါ ဝမ်းမြောက်စွာနဲ့ ထွက်ခွာသွားနိုင်တယ်။ တမန်တော်ကြီး ရှင်ပေါလုပြောသလိုပဲ “စုတေ

Copyright ANCF

၍ခရစ်တော်နှင့် အတူနေခြင်းငှာ၊ တောင့်တလိုချင်သောစိတ်ရှိ၏။သာ၍အလွန်ထူးမြတ်သော အကျိုးဖြစ်၏''(ဖိ၊ ၁း၂၃)။

ယုံကြည်သူ ခရစ်ယာန်ဟာ သူ့အပြစ် အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံ ပြီး ရွေးနှုတ်ခဲ့တဲ့ ယေရှုရှင်ရဲ့ မျက်နှာတော်ကို အမြဲမြင်တွေ့ချင်တဲ့ စိတ်ရှိတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ယေရှုရှင် မိန့်ကြားခဲ့တဲ့ "သင်တို့စိတ်နှလုံး ပူပန်ခြင်း မရှိစေနှင့်၊ ဘုရား သခင်ကို ယုံကြည်ကြလော့၊ ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်း အများရှိ၏။ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ၊ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်''(ယော၊ ၁၄း၁-၄)ဆိုတဲ့ စကားကိုပြန်သတိရစေတယ်။ ဘုရားသခင်ကိုချစ်သော သူတို့အဖို့ အလို့ငှာ၊ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူ့မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊စိတ်နှလုံးဖြင့် မကြံစည်သေး(၁ကော၊ ၂း၉)။ ဧဒင်ဥယျာဉ်ကြီးထဲမှာ အသက်ရှင်နေတုန်း ယေရှုခရစ်ရဲ့ ကြေငြာချက်ကို လိုက်နာတဲ့ သူတွေ ခံစားရမယ့် ဘုန်းတန်ခိုးနဲ့ ကောင်းကင်ဘုံမှာ ပြင်ဆင်ထားတဲ့ အခန်းများအကြောင်းကို လူ့ဘာသာစကားနဲ့ ပြောပြဖို့ မဖြစ်နိုင်ပါဘူး။

ကြောက်ရွံ့တိတ်လှန့် စရာ ကောင်းတဲ့ အရိုးစု(သေမင်း) အစား၊ ကောင်းကင်တမန်(သို့)ဘုရားသခင်ရဲ့ စေတမန်ကို ဒီပုံထဲမှာတွေ့ရပါတယ်။ သူဟာဖြောင့်မတ်ခွင့်ရပြီးတဲ့ ဝိညာဉ်ကို ဘုရား သခင်ဆီ ပြန်ခေါ်သွားဖို့ စောင့် နေ ခြင်း ဖြစ် တယ်။

ယုံကြည်သူရဲ့ စိတ်နဲ့ ဝိညာဉ်ဟာ ပျက်စီးတတ်တဲ့ ဒီကိုယ်ခန္ဓာကြီးထဲကလွတ်မြောက်သွားပြီး သူ့သခင်ဆီကို ရောက်သွားပါတယ်။ ဒီလူဟာလောကကြီးထဲမှာနေတုန်းသူ့သခင်အတွက်သာအသက်ရှင်ပြီး သေဆုံးခဲ့ခြင်းဖြစ်တယ်။ ဘုရား သခင်ရဲ့ ရှေ့တော်မှောက်မှာသူ့ရဲ့ အရှင်သခင်ဟာသူ့ကိုဝမ်းမြောက်စွာနဲ့ ကြိုဆိုနေပြီး "သာဓု" သစ္စာရှိသောငယ်သားကောင်း၊ သင်၏ သခင်နှင့်အတူ စည်းစိမ်ဝင်စားလော့" ဆိုပြီး ချီးမွမ်းစကားနဲ့ နှုတ်ခွန်းဆက်နေတယ်။ စာတန်ဟာ သူ့အပေါ်မှာ လုံးဝမအုပ်စိုးနိုင်တော့ဘူး။ ဘာကြောင့်လဲဆိုယင် ထာဝရဘုရားရှေ့တော်မှာ သန့်ရှင်းသူတို့၏ သေခြင်းအရာသည် အဖိုးကြီးလှ၏ (ဆာ ၁၁၆း၁၅)။ တဖန်တုံ ကောင်းကင်အသံကားယခုမှစ၍ သခင်ဘုရား၌ သေသောသူတို့သည် မင်္ဂလာရှိကြ၏။ ဝိညာဉ်တော်ကလည်း ထိုသို့မှန်ပေ၏။ ထိုသူတို့သည် ပင်ပန်းခြင်းငြိမ်းမည် အကြောင်းရှိ၍ သူတို့၏ အကျင့်တို့သည်လည်း သူတို့နှင့်အတူ လိုက်ကြ၏" ဟု မိန့်တော်မူ၏ (ဗျာ ၁၄း၁၃)။

Copyright ANGP

# နောက်ဆုံးသတိပေးစကား

စာဖတ်သူ မိတ်ဆွေခင်ဗျား- မိတ်ဆွေကိုချစ်တဲ့ အရှင်ကို မိတ်ဆွေရဲ့ စိတ်နှလုံးပေးအပ်နိုင်ဖို့ ဘုရားရှင်မစပါစေ။ အဲဒီ ဘုရားရှင်က မိတ်ဆွေကို "ငါ့သား(ငါ့သမီး)သင့်စိတ်နှလုံးကို ငါ့အားပေးလော့ (သုတ္တံ၊ ၂၃း၂၆)ဆိုပြီး တောင်းပန်နေပါတယ်၊ မိတ်ဆွေရဲ့ ပင်ပန်းနွမ်းနယ်နေတဲ့စိတ်၊ မကျေနပ်မှုတွေနဲ့ပြည့်ပြီး ပူဆွေးနေတဲ့ စိတ်ကို ယေရှုရှင်ထံပေးအပ်ပါ။ အဲဒီလို ပေးအပ်လိုက်ယင် ယေရှုရှင်က မိတ်ဆွေကို စိတ်နှလုံးအသစ်၊ သဘာဝအသစ်ကို ပေးလိမ့်မယ်။ မိတ်ဆွေရဲ့ ဖောက်ပြန်တတ်တဲ့ စိတ်နှလုံးရဲ့ လှည့်စားမှုကိုနာခံပြီး စိတ်အလိုသန္တာန်ဘဝကို ဖြည့်စွမ်းပါနဲ့၊ "မိမိစိတ်နှလုံးကိုကိုးစားသောသူသည် လူမိုက်ဖြစ်၏။ ပညာသတိနှင့် ကျင့်သောသူမူကား ဘေးလွတ်တတ်၏ (သုတ္တံ၊ ၂၈း၂၆)။ ကိုယ်ရဲ့ ဒုစရိုက်အပြစ်တွေကို စွန့်ပယ်ပြီး ဖြောင့်မတ်စွာ အသက်ရှင်ပါ။ အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ကျေးဇူးတော်ကား ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း"(ရောမ၊ ၆း၂၃)။

ဘုရားရှင်အတွက်မိမိအသက်တာကိုဆက်ကပ်အပ်နှံထားပြီးသော ညီအစ်ကိုမောင်နှမများခင်ဗျား "မှန်ကန်သော ဩဝါဒနဲ့ ယထာစကားများကို ယေရှုခရစ်မှာတည်တဲ့ ယုံကြည်ခြင်း၊ ချစ်ခြင်းနဲ့သာ မြဲမြံစွာ ကိုင်ထားပါ" ဒီအချက်နဲ့ ပတ်သက်ပြီး

Copyright ANGP

ရှင်ပေါလုက "အဘယ်သူကို ငါယုံကြည်သည်ဟု ငါသိ၏။ သူ၌ ငါအပ်သားသော အရာကိုလည်း ထိုနေ့ရက်တိုင်အောင်စောင့် နိုင်တော်မူသည်ဟု ငါသဘောကျ၏(၂တိ၊ ၁း၁၂)ဆိုပြီး ရေး သားထားတယ်။

ချစ်သူတို့၊ သင်တို့၏ အလွန်သန့်ရှင်းသော ယုံကြည်ခြင်း အပေါ်မှာ မိမိတို့ကိုယ်ကို တည်ဆောက်၍ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ဆုတောင်းပတ္ထနာပြုလျက် ဘုရားသခင်ကို ချစ်ခြင်းအမှု၌ ကိုယ်ကိုကိုယ် စောင့်ရှောက်ပါ။ လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်သောယေရှုခရစ်ကို စေ့စေ့ကြည့်ရှုပါ။ ကျွန်ုပ်တို့ရဲ့အရှင်ဟာ မိမိသူတို့ကိုသိမ်းဆည်းဖို့မကြာမီ ပြန် ကြွလာတော့မယ်။ "ယေရှုခရစ်သည် ဘုရင် တကာ တို့၏ ဘုရင်၊ အရှင်တကာတို့၏ အရှင်ဖြစ်တော်မူ၏"။

ထိမိ၍လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း၊ သင်တို့ကို စောင့်ရှောက်ခြင်းငှါလည်းကောင်း၊ အပြစ်မရှိပဲ ဝမ်းမြောက် ခြင်းနှင့် ပြည့်စုံလျက်ရှိသော သင်တို့ကို ဘုန်းအသရေတော် ရှေ့၌ ဆက်သခြင်းငှါလည်းကောင်း၊ တတ်နိုင်တော်မူသော သူ ဘည်းဟူသော၊ ငါတို့ကို ကယ်တင်တော်မူသောအရှင်၊ တဆူ တည်းသော ဘုရားသခင်သည်၊ ငါတို့သခင် ယေရှုခရစ် အား ဖြင့် ယခုမှစ၍ ကမ္ဘာအဆက်ဆက်ဘုန်းတန်ခိုး အာနုဘော်နှင့် အစိုးမင်းသတ္တိ အာဏာစက် ရှိတော်မူစေသတည်း—" အာမင်–
(ယုဒ၊ ၂၄း၂၅)။

Copyright ANGP

**A SPECIAL WORD FROM ANGP**

**UN MONDE SPÉCIAL DE L'ANGP**

**UMA PALAVRA ESPECIAL DA ANGP**

**This booklet "The Heart of Man" is available in over 538 languages and dialects spoken throughout the world (Africa, Asia, The Far East, South America, Europe, etc.) Our Heart Book is now also available on cell phones, tablets, etc from www.angp-hb.co.za or as an APP "Heart of Man" on Android phones.**

**Le livre du "Coeur de l'homme" peut etre obtenu en plus de 538 langues et dialectes parles dans le monde entier, a savoir: Afrique, Amerique, Asie, Extreme Orient, Europe. Notre Livre du Coeur est maintenant aussi disponible sur votre Telephone cellular, plaques, etc. de www.angp-hb.co.za ou comme une Application "Heart of Man" sur telephones Android.**

**Este livro "O Coracao do Homem" e obtído em mais de 538 linguas e dialectos falados em todo o mundo, a saber: (Africa, Asia, America do Sul, Extremo Oriente, Europa, etc). O nosso Livro O Coração do Homem tambem esta agora disponivel em telefone celular, tablets, etc. de www.angp-hb.co.za ou como um aplicativo "Heart of Man" nos telephones celulares Android.**

Copyright ANGP

**The 10 heart pictures contained in this booklet are also available in the form of large coloured picture charts (86 x 61cm) bound together in a set of 10 pictures. These "Heart Charts" can be obtained with European or African features and are particularly suitable to be used in conjunction with the Heart Book for class-teaching, open air evangelization etc. Kindly contact us to ascertain the latest subsidized price of this chart.**

**Les 10 images du coeur qui figurent dans ce livre peuvent etre obtenues en tableaux de couleur, format 86 x 61 cm, avec des physionomies europeennes ou africaines. Ils peuvent etre utilises en meme temps que le livre du coeur pour des classes bibliques, a**

l'ecole du dimanche ou lors de reunions de plein air. Soyez aimable de nous contacter pour assurer les derniers prix en cours du tableau.

As 10 imagens do coracao, contidas neste livro podem ser obtidas num conjunto de 10 imagens em colorido no tamanho de (86 x 61 cm). Estes "Cartazes do Coracao podem ser obtfdos com caracterfsticas Europeias e Africanas e podem ser usados em conjuncao com o mesmo livro em classes de ensino biblico, evangelizacao ou ao ar livre. Agradeciamos que nos contacta- se para confirmacao do ultimo preco dos cartazes.



Kindly write to us if you are able to assist us with further translations of our free Gospel literature, informing us of the language into which you could translate this Gospel literature. Your assistance would be appreciated.

Copyright ANGF

If you have found salvation in Christ, or have been otherwise blessed through our Gospel literature, please let us know. We would like to thank God with you, and remember you further in our prayers.

Nous vous invitons a nous contacter pour faire des arrangements concernant de nouvelles traductions de notre litterature, nous informant de la langue dans laquelle vous pouvez traduire cette litterature evangelique. Votre aide sera beaucoup appreciee.

Si vous avez trouve le salut en Christ ou si vous avez ete beni par notre litterature, nous vous prions de nous le faire savoir. Nous aimerions remercier Dieu avec vous et prier pour vous.

Nos vos convidamos a nos contactar, afim de fazer qualquer arranjo concernente a novas traducoes de nossa literatura em outras lfnguas. Vossa assistencia sera muito apreciavel.

Se tem encontrado a salvacao em Cristo, ou se tem sido abencoado por intermedio da nossa literatura evangelica, faca o favor de nos

informar. Pois nos gostarfamos de agradecer a Deus juntamente convosco, e lembra-lo sempre em nossas oracoes.

For free Gospel literature, books and tracts in over 538 languages, write to:

**Pour obtenir gratuitement de la litterature evangelique, des livres et des traites en plus de 538 langues, ecrivez a:**

Para obter gratuftamente a literatura evangelica, livros e folhetos em mais de 538 Ifnguas diferentes escreva para:


E-MAIL: info@angp-hb.co.za
info@angp.co.za

**ALL NATIONS GOSPEL PUBLISHERS**
**P.O. Box 2191**
**PRETORIA**
**0001**
**R.S.A.**


Copyright ANGP

A Gospel Literature Mission financed by donations
Une Mission de litterature evangelique financee de dons
Missao de literatura Evanqelica financiada por donativos

(Reg. No. 1961/001798/08)